# Celebrities 8 days a Week

YOUR ENTERTAINMENT GUIDE

အတွဲ(၇)၊ အမှတ်(၁၂) ၃ - ၁၀ ဇူလိုင် ၂၀၁၃


Artist's Own Letter
ကျွန်မရဲ့ မေတ္တာစာ 6

Star Opinion
ကျွန်တော် **Professional** အဆိုတော် မဟုတ်ဘူး . . .
မိုးယံဇွန် 31

Heart Profile
နှလုံးသားကောက်ကြောင်း
စွန့်လွှတ်ခြင်းရဲ့ . . .
နောက်ကွယ် . . . မိုးဇက်မေ 16

Star Opinion
ဆက်စပ်နေတဲ့ အနုပညာနှစ်ခုကို တစ်ခုလို့ပဲ သတ်မှတ်စေချင်တယ်
နန်းဆုရတီစိုး 31

10 Minutes Interview
ကောလာဟလကို ကောလာဟလလို့ပဲ သဘောထားတယ် . . .
ထွန်းထွန်း(Examplez) 26

8Q&A
ခချိန်မှာ ပေါ်ပြူလာအဖြစ်ဆုံးက Miss ပြိုင်ပွဲတွေပါ . . .
ခင်လပြည့်ဇော် 28

Cover Star Interview
မိန်းမ မဆန်တော့ အချစ်ခန်းတွေရိုက်ရတာ အဆင်မပြေဘူး . . .
ဆုမြတ်နိုးဦး 4






Photo : Peter Minn Sett
Design : Pyae Minn Zaw
Make Up : Gucci Aung
Dress : Magyi Malay (Kool Fashion)


Like www.facebook.com/celebrities8daysaweekjournal




အကျိုးကျေးဇူးများ

အမျိုးသမီးများ အသုံးပြုသင့်သည် . . . (advertisement)

Eve™ 500

Evening Primrose Oil

(containing Gamma linolenic Acid 10%)


www.free4reader.com

**ဒို့တာဝန် အရေးသုံးပါး**
* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**
* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက်(၄) ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့်တရား ဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* ရေရှည်ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံ ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄) ရပ်**
* စိုက်ပျိုးရေးကို မှီခို၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပြည့်ဝစွာပေါ်ထွန်းလာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄) ရပ်**
* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကြွယ်ဝသည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တတိယအကြိမ်ထပ်ဖြေရတာမျိုး မဖြစ်ချင်လို့ ဒီနှစ်ဆယ်တန်း မဖြေခဲ့တာ ရွှေမှုံရတီ



ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေးက ရုပ်ရှင်မှာ ညီမ ပါဝင်တဲ့ဇာတ်ရုပ်က ငွေမက်တဲ့မိန်းကလေးအဖြစ် သရုပ် ဆောင်ရပါမယ်။ အဲဒီဇာတ်ရုပ်အတွက် ရွှေမှုံဇာတ်လမ်း သိရကတည်းက အကျီအဝတ်အစားကအစ ကိုယ်ဘယ် လိုသရုပ်ဆောင်ရမလဲဆိုတာပါ အသေးစိတ်သေချာပြင် ဆင်ပါတယ်။ ဇာတ်လမ်းတွေလက်ခံတဲ့အခါ ရွှေမှုံနဲ့ မေမေ သေချာတိုင်ပင်ပြီးမှ လက်ခံဖြစ်ပါတယ်။ ဘယ် လိုဇာတ်လမ်းမျိုးတွေ အများဆုံးလက်ခံဖြစ်လဲဆိုတော့ အဓိက ရွှေမှုံ သရုပ်ဆောင်မှုအနုပညာတင်ကျန်မယ့် ဇာတ်လမ်း ဇာတ်ရုပ်မျိုးတွေ လက်ခံဖြစ်တယ်။ ပရိသတ် ကြိုက်မယ့် ဇာတ်ရုပ်မျိုးတွေပေါ့။ အသက်အရွယ်နဲ့မ လိုက်အောင် သရုပ်ဆောင်နိုင်လွန်းတယ်လို့ ရွှေမှုံ့လို့ ပြောကြတဲ့အတွက် ကျေနပ်တင်ပါတယ်။ အဓိက က ရွှေမှုံက သရုပ်ဆောင်တာကို ရှုံးသွပ် တယ်။ အဲဒီမှာမှ ရွှေမှုံရိုက်မယ်လို့လက် ခံထားတဲ့ဇာတ်ရုပ်ကိုတော့ ရွှေမှုံအ ကောင်းဆုံးဖြစ်ဖို့ သရုပ်ဆောင် လိုက်တာပါပဲ။ ပရိသတ်အားပေး တဲ့အတွက် ကျေနပ်တယ်။ အဲဒီအ တွက် ရွှေမှုံ ထပ်ကြိုးစားချင်စိတ် တွေဖြစ်လာတယ်။ သရုပ်ဆောင် ကြီးတွေနဲ့ရိုက်တဲ့အခါ ရွှေမှုံလေ့ လာဖြစ်တာက ကိုရန်နိုင်လေးတို့ မကြီး စိုးတို့ဆိုလည်း ရွှေမှုံကို အများကြီး ပြောပြပါတယ်။ ဒီနေရာလေးမှာ ဘယ် လို သရုပ်ဆောင်ရမယ်ဆိုတာ သေချာအ သေးစိတ် သင်ပေးကြပါတယ်။ သရုပ်ဆောင် ကြီးတွေရဲ့ဘေးက စေမကူညီမှုကြောင့် ရွှေမှုံအ များကြီး အထောက်အကူဖြစ်သလို ပညာတွေလည်း ရပါတယ်။ အောင်မြင်မှုကိုထိန်းရတာ အောင်မြင်ဖို့ ကြိုးစားရတာထက် ပိုခက်တယ် ဆိုတာကတော့အမှန်ပါပဲ။ ဒါ ပေမဲ့ ရွှေမှုံတတ်နိုင်သလောက် ဆက်ကြိုးစားပါမယ်။ အဓိက ပရိသတ်အားပေးမှု ရပ်တန့် မသွားစေဖို့ ရွှေမှုံ အားစိုက် ကြိုးစားပါတယ်။ ရွှေမှုံလေး အောင်ရဲ့လားလို့ ဆယ်တန်း အောင်စာရင်းထွက်တော့ facebook မှာ status တင် မေးကြတဲ့အတွက် ရွှေမှုံရင် ထဲက လှိုက်လှိုက်လှဲလှဲ ဝမ်း သာပါတယ်။ ဒီနှစ်ကတော့ ရွှေမှုံမဖြေဖြစ်လိုက်တာ ပရိ သတ်တွေ မသိလိုက်ဘူးထင်ပါတယ်။ လာ မယ့်နှစ်မှာတော့ ရွှေမှုံ ဖြေဖြစ်လောက်မယ်ထင်တယ်။ ဖြေဖြစ်အောင်လည်း ကြိုးစားမယ်။ ဒီနှစ်က ရွှေမှုံခရီးထွက် နေရတာ သုံး၊ လေးလဆက်တိုက်ဖြစ်သွားတဲ့အခါ စာဘက်ကိုအာ ရုံမရောက်လိုက်ဘူး။ အဲဒါကြောင့် မဖြေဖြစ်ခဲ့တာပါ။ ပညာရေးနဲ့ ပတ်သက်လို့ ရွှေမှုံငယ်ငယ်ကတည်းက "ငါဆယ်တန်းစာမေးပွဲဖြေ ရင် ဂုဏ်ထူးပါအောင်ဖြေမယ်ဆိုတဲ့စိတ်ရှိတယ်။ ခုချိန်ထိလည်း အဲဒီလိုဖြစ်ချင်နေတုန်းပဲ။ ဒါပေမဲ့ ဒီဘက်မှာ အာရုံအရမ်းရောက် နေတော့ မနှစ်က စာမေးပွဲဖြေတာကျသွားတယ်။ အဲဒီတော့ ရွှေမှုံ ဖြစ်ချင်တာနဲ့ ဖြစ်လာတာနည်းနည်းလွဲသွားတော့ စိတ်ဓာတ်လည်း ကျဖူးတယ်။ နောက်တစ်ခေါက်ဖြေရင် ရွှေမှုံအကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ရှိတယ်။ တတိယအကြိမ်ထပ်ဖြေရတယ်ဆို တာမျိုး မဖြစ်ချင်ဘူး။ အဲဒါကြောင့် ရွှေမှုံ ဒီနှစ်မဖြေဖြစ်ခဲ့တာပါ"

NEWS MAKER

PHOTO - AROMA




အမှုဆောင်အရာရှိချုပ် (CEO)
ခင်သစ်ကို
တာဝန်ခံအယ်ဒီတာ
မေသက်မာ၊ ရွှေညာနိုင်စိုး
အယ်ဒီတာ
အိမ်ဖြိုး
အကြီးတန်းသတင်းထောက်
ဝင်းထွန်းနိုင်
သတင်းအဖွဲ့
မိုးထက်ကျော်၊ ကျော်မျိုးနိုင်
အောင်ပြည့်စုံ
ဓာတ်ပုံ
ဒေါ်အေးအေးမူ
ဒီဇိုင်းတာဝန်ခံ
ပြည့်မင်းဇော်
ဒီဇိုင်း
ကျော်ကျော်လင်း
ကွန်ပျူတာစာစီ
နှင်းယုနိုင်၊ အောင်ဇော်ထက်၊ အေးမို့မို့ဝင်း
ကြော်ငြာတာဝန်ခံ
ငြိမ်းချမ်းမျိုးလင်း
ဟိန်းစိုး စုမြတ်သူ
ပြင်ပဆက်သွယ်ရေး နိုင်းထက်အောင်
ထုတ်ဝေသူ
ခင်သစ်ကို
ထုတ်ဝေခွင့်အမှတ် ယာယီ/၁၃၂၇
ပုံနှိပ် New vision, YPPG
ဦးစောကလယ်ထူးဝါး (၁၀၀၇)
စောင်ရေ ၁၀၀၀
ဖြန့်ချိရေး e- Empire Media Group
အမှတ် ၃၅၀/၃၅၄ တတိယထပ်
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။
ဆက်သွယ်ရန်
8daysjournal@gmail.com
ဖုန်း - ၀၁ ၁၈၀၃၇၅၊ ၀၉ ၇၃၀၈၀၁၃
၀၉ ၇၃၀၈၀၁၅၊ ၀၉ ၇၃၀၈၀၁၆
အမှတ် (၆၀၆)၊ (၆) လွှာ၊ တိုက်-D
ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.free4reader.com





မော်ဒယ်(လ်)အနေနဲ့ အနုပညာလှုပ်ရှားမှု စခဲ့ပေမယ့် အခုချိန်မှာ သရုပ်ဆောင်ဘက်ကို ဇောက်ချလုပ်သွားမယ်ဆိုတဲ့ခံယူချက်နဲ့ အနုပညာလမ်းကြောင်းပေါ် လျှောက်နေတဲ့ သရုပ်ဆောင်ဆုမြတ်နိုးဦးကို Cover Star အဖြစ် ရွေးချယ်ခဲ့ပါတယ်။ အမြဲတမ်းမိတ်ကပ်ပါးပါးနဲ့ မြင်ရတဲ့သူမကို တစ်မူဆန်းသစ်တဲ့ မိတ်ကပ်အမြင်အဆင်ကို မိတ်ကပ်ပညာရှင် Gucci Aung က ခြယ်မှုန်းပေးပြီး အဝတ်အစားကိုတော့ Magyi Malay (kool fashion)က ချုပ်ပေးထားပါတယ်။ အရင်နဲ့မတူကွဲပြားအောင် ရိုက်ထားတဲ့ Cover Star ပုံရိပ်တွေကို ပရိသတ်ကြီးကြိုက်လိမ့်မယ်လို့ မျှော်လင့်မိရင်း. . . .

**Q. အဖော်အချွတ်တွေနာမည်ကြီးချင်လို့ online ပေါ်မှာ model ဆိုပြီး တင်တယ်၊ အဲဒီအပေါ် အမြင်လေး. . . .**

A. တချို့ကျတော့ ဖြတ်လမ်းလိုက်ချင်တယ်ပြောရမလား၊ ကိုယ်တွေနဲ့ ခံယူချက်ချင်း မတူတာလို့ ပြောရမလားမသိဘူး၊ တချို့က အဲဒီလိုမျိုး ရိုက်ရတာကိုက ဝါသနာပါတာရှိတယ်၊ သူတို့ရဲ့အလှကို ဒီလိုရိုက်တော့မှ မြင်နိုင်တယ်လို့ ထင်ကြတဲ့လူတွေလည်းရှိရင်ရှိမှာပေါ့၊ တစ်ဖက်တစ်လမ်းက ဖြတ်လမ်းနည်းနဲ့ အဲဒီလိုလုပ်လိုက်ရင် မြန်မြန်လူသိများသွားရင် ကိုယ်နာမည်ကြီးသွားမယ်လို့ ထင်ကြတဲ့လူတွေလည်း ရှိရင်ရှိမှာပေါ့၊

**Q. မိန်းကလေးတစ်ယောက်ရဲ့ ဆွဲဆောင်မှုရှိတဲ့အလှဆိုတာကို ဘာလို့ထင်လဲ. . .**

A. မြတ်နိုးထင်တဲ့ဆွဲဆောင်မှုရှိတဲ့အလှဆိုတာ အဲဒီလိုဖော်နေ၊ ပေါ်နေမှမဟုတ်ပါဘူး၊ မဖော်ဘဲနဲ့လည်း ကိုယ့် Body Structure ကောက်ကြောင်းကိုပြလို့ရတာလည်း ရှိတာပဲလေ၊ မြန်မာဝတ်စုံဝတ်ရင်လည်း



မိန်းမ မဆန်တော့
# အချစ်ခန်းတွေရိုက်ရတာ
အဆင်မပြေဘူး. . .
## ဆုမြတ်နိုးဦး
၊ မိုး ထက် ကျော် ၊

# Cover Star Album

PHOTO : PETER MINN SETT, MAKE UP : GUCCI AUNG, DRESS : MAGYI MALAY (KOOL FASHION)

www.free4reader.com

Hsu Myat Noe Oo

Cover Star Interview

Body Structure ပေါ်တာတွေလည်းရှိတယ်။ မိန်းကလေးတစ်ယောက်ရဲ့ အဓိက ဆွဲဆောင်မှုက စိတ်နှလုံးကောင်းပြီးတော့ မျက်နှာလေးကြည်လင်နေဖို့လို့ထင်တယ်။ မျက်နှာကြည်တယ်ဆိုတာ မျက်နှာသစ်ထားပြီး မိတ်ကပ်မရှိတာကို ပြောတာမဟုတ်ဘူး။ ကိုယ့်ရဲ့စိတ်ကရှင်းနေရင် မျက်နှာမှာအလိုလိုပေါ်နေတယ်လေ။

**Q. ဇာတ်ကားရိုက်ရင် ကိုယ်ကဘယ်လိုအချက်တွေကို အဓိကထားရွေးချယ်လဲ၊ ကာရိုက်တာအတုန်လုံးလက်ခံတာလား၊ လုပ်နိုင်တဲ့ကာရိုက်တာပဲလက်ခံတာလား။**

A. ဇာတ်က မြတ်နိုးဆီလာပြီဆိုရင် ဒီလိုဇာတ်လေးတွေတော့ရှိတယ်။ သမီးလုပ်နိုင်မလား၊ တချို့ကျတော့လည်း သမီးနဲ့လိုက်တယ်၊ ဒီကားလေးရိုက်မလားပေါ့၊ အဲဒီထဲမှာမှ ကိုယ်လုပ်နိုင်ပြီးတော့ ကိုယ့်အတွက်လည်းအဆင်ပြေမယ့် ဇာတ်မျိုးကိုလုပ်တယ်၊ တချို့ကားတွေက ကိုယ်လုပ်နိုင်ပေမယ့်ကားရိုက်တွေတိုက်နေလို့လက်လွှတ်လိုက်ရတာတွေလည်းများတယ်၊ များသောအားဖြင့် ကိုယ်နဲ့လိုက်တဲ့ဇာတ်တွေလာတာများတယ်၊ Scene ပေါ်မရောက်ခင် ဇာတ်လမ်းဖက်ပြီးတော့ စိတ်ကူးနဲ့လုပ်ကြည့်တာမျိုးလည်းရှိတယ်၊ ဒါရိုက်တာသင်ပေးတာနဲ့ ကိုယ့်ဉာဏ်လေးပေါင်းပြီးတော့ လုပ်တာလည်းရှိတယ်၊

**Q. အသံနဲ့ပတ်သက်ပြီးဝေဖန်ခံရတဲ့အတွက် စိတ်ခံစားချက်က၊**

A.,အဓိက မြတ်နိုးအသံနဲ့ပဲ ဝေဖန်ခံရတာများတယ်၊ အခုတော့ နောက်ပိုင်းအသံအဆင်ပြေပါတယ်လို့ ပြောပါတယ်၊ "ပန်းချင်သူဖို့မောင်ထွေးငယ်" ဗီဒီယိုကားမှာ အသံအဆင်ပြေလာတယ်လို့ပြောတယ်၊ အခုထပ်ပြီးကြားတာ မြတ်နိုးကြာသံ မပေါက်ဘူးတဲ့ မြတ်နိုးစကားပြောရင်တောင့်တောင့်ကြီးဖြစ်နေတာလေ၊ ကားရိုက်မှာချစ်ခန်းကြိုက်ခန်းတွေ အဆင်မပြေဘူး၊ အဲဒီအသံကိုတော့ ထပ်ပြင်ရမယ်၊ ကိုယ်ကလည်း အပြင်မှာမိန်းမဆန်ဆန်မပြောတက်ဘူး၊ နေပုံထိုင်ပုံကအစပွင့်ပွင့်လင်းလင်းယောကျာ်းလေးဆန်တော့ အသံမှာလည်း ချွဲပြစ်နေတဲ့အသံမျိုးပေါက်မနေဘူး၊ သမီးရည်းစားစိတ်ကောက်တဲ့အခါ မိန်းကလေးဆန်ဆန်အသံလေးတိုးတာ၊ ဆွဲပြီးပြောရတဲ့အခန်းဆို နည်းနည်းဒုက္ခရောက်တယ်၊

**Q. ကားစရိုက်တည်းက စိတ်ကြိုက်ဖြစ်တဲ့ကားရှိလား. . . .**

A. အခုချိန်ထိတော့ ကိုယ့်ဇာတ်ကားကိုယ်ပြန်ကြည့်တိုင်း တစ်ခုမှမဟုတ် တစ်ခုကတော့ အမြဲတမ်းလိုအပ်နေတာချည်းပဲ၊ အခုချိန်မှာ ရိုက်ထားတဲ့ကားကိုနောက်ခြောက်လမှာ ပြန်ကြည့်ရင်လိုအပ်နေမှာပဲ၊ ဟယ် ငါအဲဒီတုန်းက ဘာလို့မလုပ်လိုက်လဲဆိုတဲ့အတွေးမျိုးတွေးမိတယ်၊ ဒါရိုက်တာကိုညှိမင်းလွင်ဆို ကိုယ့်ကားပြန်ကြည့်ရင် အားမရဘူး၊ လိုအပ်နေတာစိတ်ညစ်တယ်လို့ပြောပြတယ်၊ အခုချိန်ရိုက်တဲ့ကားကို နောက်ခြောက်လမှာ ပြန်ကြည့်ရင်ဘယ်နည်းနဲ့မဆို လိုအပ်နေမှာပဲတဲ့၊ ကိုယ်ဒီကားကို ရိုက်တဲ့အချိန်မှာ ငါနောက်ကားမှာပိုလုပ်လိုက်မယ်ဆိုပြီး ဒီကားမှာ လျော့လုပ်လိုက်တာမျိုးမရှိဘူးမဟုတ်လားတဲ့၊ ဟုတ်ကဲ့မရှိပါဘူးလို့ အခုရိုက်နေတဲ့အချိန်မှာ ကိုယ်တတ်နိုင်သလောက်ကြိုးစားရိုက်ခဲ့တာပဲဆိုတော့ အဲဒါဆိုတာဝန်ကျေတယ်တဲ့၊

**Q. အရမ်း Hot တဲ့ဖက်ရှင်တွေ သိပ်မဝတ်တာက ကိုယ်တိုင်မကြိုက်လို့လား. . .**

A. မြန်မာဝတ်စုံတွေနဲ့တွေ့ရတာများတယ်ဆိုတာ မြတ်နိုးကို မြန်မာခန္ဓာကိုယ် ပေါက်တယ်ပေါ့၊ အဲဒီတော့ မြန်မာဝတ်စုံတွေရိုက်တာများတယ်၊ ပြီးတော့ ရွှေနိုင်ငံက ထုတ်တဲ့စာအုပ်၊ မြန်မာဝတ်စုံ catalogue မှာ တစ်အုပ်လုံးမြတ်နိုးတစ်ယောက်တည်းရိုက်တာ၊ ဝတ်စုံတစ်ရာကျော်တယ်၊ အဲဒါအတွက် ဆက်တိုက်ဆိုတော့ မြန်မာဝတ်စုံနဲ့ မြင်နေရတာ၊ freestyle ကြိုက်တော့ ပွတဲ့အကျႌ လွတ်လွတ်လပ်လပ်ရှိတာပိုဝတ်တယ်၊ တစ်ခါတလေ လူကြားထဲမှာ ခြေထောက်တင်ပြီးထိုင်ချင်ရင်ထိုင်တယ်၊ အဲဒီတော့ ကိုယ့်စိတ်က Free ဖြစ်နေမယ့်ဟာ မျိုးရွေးတာများလို့ အဲဒီလိုဖြစ်သွားတာ၊ တစ်ခါတလေစိတ်ကူးပေါက်ရင် ဂါဝန်အတို ဂျင်းဘောင်းဘီအတိုတွေဝတ်တယ်၊

**Q. Miss မိုးယံတစ်ယောက်အနေနဲ့ ပြိုင်ပွဲတွေ ပြိုင်ချင်တဲ့စိတ်ဖြစ်မိလား. . .**

A. ပြိုင်ပွဲတွေတော့မပြိုင်ချင်တော့ပါဘူး၊ ပြိုင်ပွဲပြိုင်မယ့်လူတွေ ရှိရင်တော့အားပေးပါတယ်၊ မြတ်နိုးအနေနဲ့ အဓိကလုပ်ချင်တာ သရုပ်ဆောင်လိုင်းဖြစ်တဲ့အတွက် သရုပ်ဆောင်ဘက်ကိုပဲပိုပြီးတော့ ဇောက်ချလုပ်သွားမယ်လို့စဉ်းစားထားပါတယ်၊

**Q. Cover ရိုက်တဲ့ခံစားချက်. .**

A. Cover ရိုက်တဲ့ခံစားချက်က စိုးရိမ်စိတ်လည်းရှိတယ်၊ ပျော်လည်းပျော်တယ်၊ ဒီ Cover ထွက်လာတဲ့အခါကျရင် 8 days က ထုံးစံအတိုင်း အရမ်းပေါက်တဲ့ဂျာနယ်လေ၊ Cover ထွက်လာရင် အတုန်လုံးက သတိထားမိပြီးတော့ တော်တော်များများလည်းသိကြတယ်၊ ရိုက်တဲ့အချိန်မှာ ခုနက ပြောသလို Hot Shot တွေအရမ်းမဝတ်ဖြစ်တဲ့အခါကျတော့ အဲဒီအတွက်နည်းနည်း Tension လေးတော့ရှိတယ်။ ဒါပေမဲ့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်၊ အဆင်ပြေမယ်လို့ထင်တယ်။ မြတ်နိုးကိုယ်တိုင်သွားမတိုင်းပေမယ့် စိတ်ရှည်လက်ရှည်လှလှလေးချုပ်ပေးထားတဲ့ မကြီး မလေး (kool fashion)၊ မင်္ဂလာပွဲတိုက်တွေများပြီး မအားတဲ့ကြားကနေ မိတ်ကပ်လာပြင်ပေးတဲ့ Gucci Aung ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**Q. SU MYAT NOE OO ဆိုတဲ့ facebook အကောင့်အတုကြောင့် ဆုမြတ်နိုးဦးရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေတာလား. . .**

A. မဟုတ်ပါဘူး။ facebook ပေါ်က SU MYAT NOE OO ဆိုတာ မြတ်နိုးအကောင့်မဟုတ်ဘူးလို့ ရေးထားတယ်ဆိုတာ အဲဒီအကောင့်ရှိတယ်ဆိုတာ အစတည်းကသိတယ်၊ သူငယ်ချင်းတွေပြောတော့ သူ့ wall ထဲဝင်ကြည့်ဖြစ်တယ်၊ သူတင်တဲ့ photo တွေ post တွေက မြတ်နိုးကိုထိခိုက်စေတာမပါပါဘူး၊ မြတ်နိုးအနေနဲ့ သူ့အနုပညာလှုပ်ရှားမှုတွေ တင်ပေးတယ်၊ မြတ်နိုးအခုပြောတာက အကောင့်တစ်ခုကနေနှစ်ခု၊ နှစ်ကနေသုံးခုဖြစ်လာတဲ့ အခါကျတော့ မြတ်နိုးကိုအားပေးတဲ့ ပရိသတ်တွေ၊ သူငယ်ချင်းတွေက အကောင့်တွေများပြီးတော့ Tag ရင်ကြားထဲမှာ တကယ်ကိုယ်မဟုတ်ဘဲသူတို့ကို သွားပတ်သက်မိရင် ကိုယ့်တကယ့်ပရိသတ်အစစ်တွေက နားလည်မှုလွဲသွားမှာစိုးလို့ ခြေရှင်းတဲ့သဘောပါပဲ။ အခုမြတ်နိုးသုံးနေတဲ့ အကောင့်က HSU MYAT NOE OO ဆိုတဲ့အကောင့်ပါဆိုတာကိုပြောပြတာပါ။ သူတို့ မြတ်နိုးကိုထိခိုက်စေတာမျိုးတင်တာတော့မရှိဘူး၊ ဒါပေမဲ့လည်းမြတ်နိုးပုံစံမျိုးနဲ့လုပ်နေတော့ သူတို့ပြန်ပြောတာအဆင်မပြေခဲ့တာကို Message တွေ ပြန်မပြေခဲ့တာတို့ရှိခဲ့ရင် ကိုယ့်ကိုအထင်လွဲပြီး တလွဲယူဆသွားမယ့် ပရိသတ်တွေလည်းရှိမယ်၊ အဲဒါကြောင့် ကိုယ့်ပရိသတ်ကိုမြတ်နိုးမဟုတ်ပါဘူးလို့ပြောပြတာပါ။



# Cover Star INTERVIEW






www.free4reader.com



# Fashion Advice

## အနုပညာရှင်တို့ရဲ့ မူပိုင်ပို့စ်ပေးပုံများ...

နွေဦးအိမ်

အနုပညာရှင်တွေမှာ သူတို့ရဲ့ မူပိုင်စတိုင်လ်တွေ ရှိပါတယ်။ ဓာတ်ပုံရိုက်တဲ့အခါမှာ သူတို့ရဲ့ မူပိုင်စတိုင်လ်တွေပဲပေးလေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ဒီစတိုင်လ်နဲ့ ဒီလူတွေဟာ ခွဲမရအောင် တွဲလျက်ရှိနေကြပါတယ်။ 8 days ပရိသတ်ကြီးလည်း မူပိုင်စတိုင်လ်ထားချင်ရင် ထားလို့ရအောင် သူတို့ရဲ့ စတိုင်လ်တွေနဲ့ ဟန်တွေကို လေ့လာလို့ရအောင် ဖော်ပြပေးလိုက်ရပါတယ်။

**တေလာဆွစ်ဖ်**

တေလာဆွစ်ဖ်ရဲ့ မူပိုင်စတိုင်လ်ကတော့ ဘေးတစောင်း အနေအထားရပ်ပြီး လက်တစ်ဖက်က ခါးပေါ်မှာ ထောက်ထားတဲ့ စတိုင်လ်ပဲဖြစ်ပါတယ်။

**ဗစ်တိုးရီးယားဘက်ခမ်း**

ဗစ်တိုးရီးယားဘက်ခမ်းကျတော့ ခြေတစ်ဖက်ကို ရှေ့ထားပြီး ပေါင်ကိုလိမ်ပြီး ခါးနှစ်ဖက်ထောက်ထားတဲ့ပုံစံ ဖြစ်ပါတယ်။ နောက်ဘက်ကို ယိမ်းတဲ့ပုံစံနဲ့ လက်နှစ်ဖက်ကို ခါးရှေ့နားမှာ ထောက်တဲ့ပုံစံ ဖြစ်ပါတယ်။

**ဘီယွန်နီစ်နောဝဲလ်**

ဘီယွန်နီစ်ကျတော့ မတ်မတ်ရပ်ပြီး လက်နှစ်ဖက်ကို ဘေးဘက်မှာ ခါးထောက်တဲ့ပုံစံဖြစ်ပါတယ်။ ခါးပေါ်မှာ မထောက်ဘဲ တင်ပါးပေါ်မှာ ခါးထောက်တဲ့ ပုံဖြစ်ပါတယ်။

**ဖာဂီ**

အဆိုတော် ဖာဂီကျတော့ သမင်လည်ပြန်ဟန်နဲ့ ပို့စ်ပေးလေ့ရှိပါတယ်။ သမင်လည်ပြန် ခေါင်းငဲ့ကြည့်တဲ့ဟန်မှာ လက်ကို ရှေ့ပို့ပြီးတင်ကို နောက်ပစ်ထားတဲ့ဟန်ပါ။

**ဂျော့ဂျ်ကလူးနေး**

ဂျော့ဂျ်ကလူးနေးမှာ မူပိုင်လက်ဟန် ပုံစံရှိပါတယ်။ လက်နှစ်ဖက်ကိုအုပ်ပြီး လက်မကို ဆုပ်ထားတဲ့ပုံစံ ဖြစ်ပါတယ်။

**လင်ဆေးလိုဟန်**

လင်ဆေးလိုဟန်ကတော့ လက်ညှိုးကို ကိုက်တဲ့ ဟန်နဲ့ စတိုင်လ်ထုတ်တတ်ပါတယ်။

**ဘလိတ်ခ်လစ်ဗလေ**

ဘလိတ်ခ်ကတော့ ဘေးတစောင်း မှီပြီး ရပ်တဲ့ပုံစံနဲ့ ပေးတတ်ပါတယ်။

**ကင်ကာဒါရှီယန်**

ကင်ကာဒါရှီယန်ကတော့ လက်တစ်ဖက်နဲ့ ခါးထောက်ပြီး ခြေတစ်ဖက်ကို ရှို့ပြီး ရပ်တဲ့ပုံစံ ပေးတတ်ပါတယ်။

**လေဒီဂါဂါ**

ဂါဂါကတော့ လက်နှစ်ဖက်ကို ပြောင်းပြန်အနေအထားနဲ့ အတွင်းဘက်ကို ခေါက်ပြီး ခါးထောက်တဲ့ပုံစံဖြစ်ပါတယ်။

**မီဂန်ဖောက်စ်**

မီဂန်ဖောက်စ်ရဲ့ ထင်ရှားတဲ့ စတိုင်လ်ကတော့ လျှာကိုထုတ်ပြီး အပေါ်သွားနဲ့ထိနေတဲ့ လျှာထုတ် ပြစတိုင်လ်ဖြစ်ပါတယ်။ တစ်ခါတလေကျရင်တော့ လျှာကို ဘေးဘက်ထုတ်ပြတဲ့ပုံစံ လုပ်တတ်ပါတယ်။

**မိုင်လေဆိုင်းရပ်စ်**

မိုင်လေကတော့ လက်ညှိုးနှစ်ချောင်း ထောင်ပြီး ပို့စ်ပေးလေ့ရှိတယ်။

**ဗက်နီဆာဟတ်ဂျင်**

သူကျတော့ fly kiss ပေးနေ တဲ့ပုံစံနဲ့ လက်ဝါးကိုဖြန့်ပြီး ပို့စ်ပေးတတ်ပါတယ်။






BEAUTY ADVICE

ဣတ္ထိယမဟေတို့ကို
မဟိဝီအလှအပချွတ်နဲ့
ပတ်သက်ပြီး စိတ်ရှိသမျှ
တစ်တက်ကူညီအကြံပေး
ချင်လွန်းလို့

# လည်ပင်းထက်က အသားပိုတွေ ဖယ်ရှားဖို့

၊ မေ ဝ သ န် ၊

ခန္ဓာကိုယ်ရဲ့ လည်ပင်းလို၊ ရင်ဘတ်လို နေရာမျိုးတွေမှာ အသားပိုလေးတွေ ထွက်တတ်ပါတယ်။ အသက်ကြီးရင် ထွက်တယ်လို့ ရှေးလူကြီးတွေဆိုကြတယ်။ တချို့ကလည်း ဘိုးဘွားအမွေဆိုပြီး ပြောပြန်တယ်။ ဒီအသားပိုတွေဟာ မျိုးရိုးလိုက်တတ်တယ်။ တချို့သူတွေအတွက် အသက်နှစ်ဆယ်ကျော်မှာတင် ထွက်လေ့ရှိတယ်။

လည်ပင်း၊ လက်မောင်းအောက်၊ မျက်ခွံ၊ ပေါင်ခြံ၊ ရင်သားနေရာတစ်ဝိုက်တွေမှာ ထွက်လေ့ရှိတယ်။ အသားပိုသေးသေးလေးတွေဟာ နာကျင်မှုမခံစားရပေမယ့် ကြည့်ရတာ ရုပ်အတော်ဆိုးစေပါတယ်။ အန္တရာယ်ဖြစ်စေနိုင်တာ မဟုတ်သမို့ ဆရာဝန်တွေဟာ မလိုအပ်ရင် မလုပ်ဖို့ ညွှန်ကြားထားကြတယ်။ ဒါပေမဲ့ ဒီအသားပိုလေးတွေကို ဖယ်ရှားပစ်လို့ရပါတယ်။ အိမ်တွင်းသုံး မီးဖိုချောင်ပစ္စည်းတွေနဲ့ပဲ ဒီအသားပိုလေးတွေကို ဖယ်ရှားပစ်လို့ရပါတယ်။

**ဒါတွေ ရှောင်**

အောက်မှာ ဖော်ပြထားတဲ့နည်းလမ်းတွေကို အရင်ဦးစွာ ရှောင်ကြဉ်ပေးပါ။ ဒီနည်းလမ်းတွေဟာ ရှိရင်းစွဲကို ပိုဆိုးရွားသွားစေနိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ ဘေးဥပဒ်လည်း သင့်စေတတ်ပါတယ်။

**ဓားနဲ့ခြစ်ခြင်း**

တချို့က အသားပိုတွေကို ဘလိတ်ဓားနဲ့ပဲဖြစ်ဖြစ်၊ ဓားနဲ့ပဲ ဖြစ်ဖြစ် ခြစ်ထုတ်လေ့ရှိကြပါတယ်။ မလုပ်ပါနဲ့။ အန္တရာယ်များပါတယ်။

**သွားနှုတ်ခြင်း**

တချို့ကျတော့ သွားနှုတ်သလို ကြိုးနဲ့ချည်ပြီး ဆွဲထုတ်ပစ်လေ့ရှိကြပါတယ်။ ဒါလည်း မကောင်းပါဘူး ဘေးထွက်ဆိုးကျိုးရှိပါတယ်။ သွေးကြောထုံးတတ်ပါတယ်။ မလုပ်ပါနဲ့။ ရှောင်ကြဉ်ပေးပါ။

**ခရင်မ်လိမ်းကျံခြင်း**

အသားပိုနေရာတွေကို ခရင်မ်တွေ လိမ်းကျံတာမျိုး မလုပ်သင့်ပါဘူး။ ဓာတုပစ္စည်းနဲ့ ဓာတ်မတည့်တာတွေ ဖြစ်တတ်ပါတယ်။ နီရဲလာပြီး ဆိုးရွားလာတတ်ပါတယ်။

**လက်သည်းဆိုးဆေး**

တချို့ကျတော့ လက်သည်းဆိုးဆေးနဲ့ဆိုးပြီး အသားပိုကို ထုတ်တတ်ကြသေးတယ်။ ဒါလည်း နည်းလမ်းမမှန်ပါဘူး။ ပိုဆိုးလာတတ်ပါတယ်။ ရှောင်ကြဉ်ရမယ့်အရာတစ်ခုလည်း ဖြစ်ပါတယ်။

**ပွတ်တိုက်ခြင်း**

အသားပိုရှိတဲ့နေရာကို အကျႌကျပ်ကျပ်ဝတ်လို့ မကြာခဏ ပွတ်မိတာပဲဖြစ်ဖြစ်၊ တခြားသော အကြောင်းရင်းကြောင့်ပဲဖြစ်ဖြစ် မကြာခဏ ပွတ်တိုက်မိပါက အန္တရာယ်ရှိလာစေနိုင်ပါတယ်။ သတိပြုပေးပါ။

**ဒါတွေ လုပ်လို့ရ**

အောက်မှာ ဖော်ပြထားတဲ့ နည်းလမ်းတွေကတော့ အသုံးပြုလို့ရတဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။ ပိုသေချာအောင် ဆရာဝန်နဲ့အရင် တိုင်ပင်ဆွေးနွေးပြီးမှ လုပ်သင့်တယ်လို့အကြံပြုချင်ပါတယ်။ တချို့ဟာ ကပ်ပြီးတစ်ညသိပ်လိုက်ပါ။ သုံးလေးရက်အတွင်း အသားပိုဟာ မည်းပြီး ကွာကျသွားပါလိမ့်မယ်။ ဘာအမာရွတ်မှလည်း မထင်ကျန်ခဲ့ပါဘူး။ ဒါပေမဲ့ တချို့အသားပိုတွေဟာ အကြိတ်လည်းဖြစ်နိုင်တာမို့ အန္တရာယ်ကင်းဝေးအောင် ဆရာဝန်နဲ့ အရင်နေ့ကို နှစ်ကြိမ်ကနေ သုံးကြိမ်အထိ လုပ်နိုင်ပါတယ်။ နှစ်ပတ်ကနေ လေးပတ်အတွင်း သိသာလာပါလိမ့်မယ်။

**နာနတ်သီး**

နာနတ်သီးအရည်နဲ့လည်း ပြုလုပ်လို့ရပါသေးတယ်။ နာနတ်သီးအရည်ဟာ ကြွက်နို့တွေကိုပါ ဖယ်သောစေနိုင်တဲ့သတ္တိထူးရှိပါတယ်။ ကြက်သွန်ဖြူကိုချေပြီး အသားပိုရှိတဲ့နေရာမှာကပ်ထားပါ။ မကွာကျ

အသားပို၊ မှဲ့၊ အကြိတ် စတာတွေနဲ့ ရောထွေးနေတတ်ပါတယ်။

**ပန်းသီးအချဉ်ရည် (Apple Cider Vinegar)**

ပန်းသီးအရက်ကိုယူပြီး ဂွမ်းလေးနဲ့တို့လိုက်ပါ။ ပြီးရင် အသားပိုရှိတဲ့နေရာမှာ ကပ်လိုက်ပါ။ ပိုသေချာအောင် အနာကပ်ပလာစတာနဲ့ တိုင်ပင်ပြီးမှ ပြုလုပ်သင့်ပါတယ်။

**လီမွန်သီး**

လီမွန်သီးအရည်နဲ့ လိမ်းကျံတာဟာလည်း အသားပိုကို ဖယ်ရှားပစ်နိုင်ပါတယ်။ ဂွမ်းစလေးနဲ့ လီမွန်ရည်ကို တို့ပြီး အသားပိုရှိတဲ့နေရာမှာ ကပ်ပါ။ ခြောက်သွေ့သွားသည့်အထိ စောင့်ပါ။ မခြောက်သေးဘဲ နေပူထဲမထွက်ပါနဲ့။ မဲသွားတတ်ပါတယ်။ တစ်ရက်ကို ဖယ်ရှားပေးနိုင်တယ်။ လတ်ဆတ်တဲ့ နာနတ်သီးတစ်လုံးကိုယူပြီး အရည်ညှစ်ချပါ။ အဲဒီအရည်နဲ့ အသားပိုရှိတဲ့နေရာမှာဂွမ်းနဲ့လိမ်းကျံပါ။ ကပ်ထားပေးပါ။ တစ်နေ့ကို နှစ်ကြိမ်ခန့် ပြုလုပ်ပေးပါ။ ရက်သတ္တပတ်အနည်းငယ်အတွင်းသိသာလာပါလိမ့်မယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူဟာလည်း အစွမ်းထက်ပါတယ်။ ပိုးမွှားတွေကို သေစေအောင် အနာကပ်ပလာစတာနဲ့ ကပ်ထားပေးလို့ရပါတယ်။ ညဘက်အိပ်ခါနီးအချိန်ကျရင် လုပ်ပါ။ နံနက်ကျမှ ပြန်ခွာလိုက်ပါ။ ရက်အနည်းငယ်အတွင်း သိသာလာပါလိမ့်မယ်။

8days ပရိသတ်ကြီးအပေါင်းအသားပိုများကင်းစင်ပြီးလှပဝင့်ကြွားတဲ့နေ့ရက်များပိုင်ဆိုင်နိုင်ကြပါစေလို့ ရည်သန်လျက် . . .။



# international LOOSE talks

၊ ရှင်ပျော်ပျော်မင်းသားလေး ၊



### ပြန်စိတ်လျှော့ရမယ်

ကလေးအမြွှာပူး နှစ်ယောက်မွေးဖွားခဲ့တဲ့ ဇိုးလ်ဆာဒါနာက သူ့ရဲ့ ခန္ဓာကိုယ် ပြန်လည်ကျော့ရှင်း သွယ်လျလာစေဖို့ အတွက် လေ့ကျင့်ခန်း လုပ်တဲ့အခါ ကြုံတွေ့ရပုံကို ဒီလိုလေးပြောတယ်။ 'အခုန်အပြူက ကျွန်မအတွက် မဖြစ်နိုင်တော့သလို ခံစားနေရတယ်။ ဒါပေမဲ့လည်း မိခင်တစ်ယောက် အနေနဲ့ ကျွန်မဟာ မိန်းမသားပီပီ ကိုယ်ဟန်မပျက် ဖို့အတွက် အရှုံးတော့ ပေးမှာ မဟုတ်ပါဘူး'



### မလွှတ်တလွှတ်

မင်းသားဂျာရက်လက်တိုဟာ 'ကျွန်တော်ဟာ သက်သတ်လွတ်စားတယ်လို့ ပြောခဲ့ဖူးပါတယ်။ တကယ်တော့ တစ်ခါတလေ အသားငါးလည်း စားပါတယ်။ ဒါကြောင့် သက်သတ်မလွှတ် တလွှတ် စားတဲ့သူလို့ပြောရင် ပိုမှန်ပါလိမ့်မယ်'



### အပြောင်းအလဲမျှားတဲ့မိတ်ဆွေ

50 Cent က သူ့ရဲ့ ဒဿနကို ဒီလိုဖွင့်ပြောပါတယ်။ ကျွန်တော် တန်ဖိုးရှိတဲ့ ပညာရှိစကားပြောချင်ပါတယ်။ မိတ်ဆွေတွေကို မုန်းပါ။ ရန်သူတွေကို ချစ်ပါ။ ဘာကြောင့်လဲဆိုတော့ ရန်သူတွေဟာ ဘယ်တော့မှ မပြောင်းလဲဘဲ ရန်ဖက်အဖြစ် တည်ရှိနေကြတယ်။ မိတ်ဆွေတွေကတော့ ပြောင်းလဲတတ်ကြတယ်။

### ချော်လဲရောထိုင်

အမေရိကန်မင်းသမီး ဂျူလီဘိုဝန်းက ကင်ကာဒါရှီှင်ယန်ရဲ့ ပဒုမ္မနီတင်ကို ကြည့်ပြီး 'ကျွန်မလေ သူ့ရဲ့တင်တွေကို အရမ်းသဘောကျမိတာပဲ။ ချော်လဲရောထိုင်သလိုလုပ်ပြီး သူ့တင်တွေကို ကိုင်ကြည့်ချင်လိုက်တာရှင့်'။





### အဖုအထစ်တွေအတွက်

အမေရိကန်စာရေးဆရာမ၊ သရုပ်ဆောင်တစ်ယောက် ဖြစ်တဲ့ တီနာဖေးက 'ရှင်တို့ ကျွန်မဝတ်လာတဲ့ ဒီကျပ်ထုပ်ထုပ်အဝတ်အစားကို ပေါ့ပေါ့တန်တန် မမှတ်ကြနဲ့။ အဲဒီအတွက် အတော်လေးကို ကန်ရိကထမျှားခဲ့တာ။ အောက်မှာ ပစ္စည်းပစ္စယတွေ အများကြီး ထည့်ထားသေးတယ်။'

# hot Hollywood

၊ ရှင်ပျော်ပျော်မင်းသားလေး ၊

## ရှာယွန်အောစ့်ဘွန်းရဲ့ အိတ်ထဲမှာ ဘာတွေရှိလဲ

ရှာယွန်အောစ့်ဘွန်းဆိုတာ အင်္ဂလိပ်လူမျိုး စာရေးဆရာ၊ စီးပွားရေးလုပ်ငန်းရှင်၊ အကဲဖြတ်ဒိုင်လူကြီးနဲ့ ရုပ်သံတင်ဆက်သူတစ်ယောက်ပါ။အသက်မွေးဝမ်းကျောင်း အတော်များများကို ကိုင်စွဲထားတဲ့ အောင်မြင်ကျော်ကြားအမျိုးသမီး တစ်ယောက်ပဲ ဖြစ်ပါတယ်။

သူ့ရဲ့ ပိုက်ဆံအိတ်ထဲမှာ သားသမီးတွေရဲ့ ကျောင်းသားကတ်လေးတွေကို သိမ်းထားတယ်။ သူ့သားသမီးတွေက အကုန်သုံးဆယ်နားနီးနေတဲ့သူတွေချည်းပါပဲ။ သူ့ဖုန်းထဲမှာတော့ မြေးမလေးရဲ့ပုံတွေကို သိမ်းဆည်းထားတာ တွေ့ရပါလိမ့်မယ်။ မြေးမလေးကအခုမှ တစ်နှစ်သားပဲရှိပါသေးတယ်။ ဒီလို မိသားစုအမှတ်တရတွေ သိမ်းဆည်းတတ်တဲ့ ရှာယွန်ရဲ့ အိတ်ထဲက တခြားပစ္စည်းတွေကတော့ . . .



### ကြီးလေ ကောင်းလေ

ကျွန်မ အိတ်ထဲမှာ မှန်ဘီလူး တစ်လက်ပါတယ်။ မိတ်ကပ်လိမ်း တဲ့ အခါကျရင် အဲဒီမှန်ဘီလူး အကူအညီ တစ်ခါတလေ လိုတယ်။ ဘာကြောင့်လဲဆိုတော့ အမှန်အ တိုင်းပြောရရင် ကျွန်မမျက်လုံးက သိပ်မကောင်းတော့လို့ပါ။

### သန့်စင်တစ်သျှူး

ကျွန်မအကြိုက်ဆုံး cleansing wipes က ဗြိတိန်ကုမ္ပဏီ Boot က ထုတ်တဲ့ဟာပါ။ ၇ဒေါ်လာလောက်ပေးရတယ်။

### ခံတွင်းရနံ့ကောင်းအောင်

သစ်ကြံပိုးရနံ့ သွားကြားထိုးတံနဲ့ ပီကေလေးတွေထည့်ထားတယ်။

### MCA

MAC blotting papers မပါရင် ကျွန်မ မနေတတ်ဘူး။ အဆီပြန်တာကို အကုန်ဖျက်ပေးတယ်။ ၁၅ ဒေါ်လာလောက် ပေးရတယ်။

### ကျွန်မနာမည်

ကျွန်မ အိုင်ဖုန်းအဖုံးက Union Jack အဖုံးပါ။ လက်ဆောင်ရတာ။ ကျွန်မ အရမ်းကြိုက်တယ်။ ကျွန်မနာမည်ရဲ့ အတိုကောက်လေးလည်းပါတယ်။



www.free4reader.com

# love lives

ချစ်မြားရှင်



## ဘာမှမလိုတဲ့ ဂျေဒါစမစ်သ်

ဝီလ်စမစ်သ်ရဲ့ ဇနီးလေး ဂျေဒါပင်ကတ်စမစ်သ်က သူ့အနေနဲ့ နောက်ထပ်ဘယ်ယောက်ျားကိုမှ အိပ်မက်ထဲထည့် မက်စရာ မလိုတော့တဲ့ အကြောင်း ဘာကြောင့်လဲဆိုတော့ သူ့မှာ ဘဝတစ်ခုလုံး ပုံထားစရာ ဝီလ်စမစ်သ် တစ်ယောက်လုံးရှိနေတဲ့အတွက်ကြောင့်ဆိုပြီး ပြောကြားထားပါတယ်။ People မဂ္ဂဇင်းကြီးကိုပြောကြားခဲ့ တာကတော့ 'ကျွန်မတို့ အိမ်ထောင်သက် အနှစ်(၂၀) ရှိပါပြီ။ ကျွန်မ ယောက်ျားရဲ့ခေါင်းထဲမှာ ကျွန်မက ဆွဲဆောင်မှုအရှိဆုံး မိန်းမပါ။ သူဟာ ကျွန်မအတွက် ပျော်ရွှင်မှုတွေ ယူဆောင်လာပေးတဲ့သူလည်း ဖြစ်ပါတယ်။ နောက်ပြီး ကျွန်မတို့ စာအတူဖတ်ကြတယ်။ Fritjof Capra ရေးတဲ့ The Tao of Physics စာအုပ်ဆိုရင် ကျွန်မတို့ဖတ်ပြီး အတော်လေးကို ဆွေးနွေးခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အခုလို အသိပညာပိုင်းဆိုင်ရာ ဖလှယ်တာလေးတွေကလည်းအိမ်ထောင်ရေးကိုတည်မြဲစေတယ်လို့ ယုံကြည်မိပါတယ်'တဲ့။



## နည်းပေးလမ်းပြ အိမ်ဦးနတ်

တင်းနစ်မယ်လေး ပါရေးရှီးဝ်တစ်ယောက် သူရဲ့ တင်းနစ်နည်းပြဆရာ အာရွန်ဖောက်စ်နဲ့ ဇွန် ၁၂ ရက်နေ့မှာ မင်္ဂလာပွဲကိုကျင်းပပြုလုပ်ခဲ့ပါတယ်။ သူတို့ရဲ့မင်္ဂလာပါတီပွဲလေးဟာ တကယ့်ကို မင်္ဂလာသီချင်းတွေနဲ့ သာယာပျော်ရွှင်စရာဖြစ်ခဲ့တယ်။ မင်္ဂလာကျမ်းကျိန်သစ္စာဆိုတာကိုတော့ နေဝင်ချိန်မှာပြုလုပ်ခဲ့ပြီး 'Happy Together'သီချင်းဖွင့်နေတဲ့အချိန်မှာ အကြင်နာအနမ်းလေး ဖလှယ်ခဲ့ကြတယ်။ ပြီးတော့ Take on Me သီချင်းလေးနဲ့အတူ ကခုန်သီဆိုခဲ့ကြတယ်။ သူတို့ ကတာကြည့်ပြီး ရီနေးဇီလ်ဝက်ဂါနဲ့ ဧည့်ပရိသတ် ၁၅၀ ကပါ ပါဝင်ကခုန်သီဆိုခဲ့ကြတယ်။

## သားဖြစ်သူအတွက် ဂုဏ်ယူနေတဲ့ ခရစ္စ



အန်နာဖာရစ္စနဲ့ခရစ္စပရက်တ်တို့ဟာ အင်မတန်မှ ပျော်ရွှင်သာယာနေကြတဲ့အိမ်ထောင်သည်တွေပါ။ အန်နာက အမေရိကန် မင်းသမီးပရိုဂျူဆာလည်းလုပ်တယ်။ ခရစ္စကလည်း Jurassic World ထဲက မင်းသား။ ၂၀၁၄ ခုနှစ်မှာ People မဂ္ဂဇင်းကြီးရဲ့ ဆွဲဆောင်မှုအရှိဆုံး ယောက်ျားအဖြစ် ဒုတိယ ချိတ်ခဲ့တဲ့သူတစ်ယောက်ပါ။ သူတို့လင်မယားမှာ သားလေးတစ်ယောက်ရှိတယ်။ သူတို့သားလေးဟာ နှစ်နှစ်သားပဲ ရှိသေးပေမယ့် အရမ်းစကားတတ်လို့ အဖေလုပ်တဲ့ ခရစ္စက အရမ်း ဂုဏ်ယူနေရတယ်။

## ကူးစက်ရောဂါမှ ကာကွယ်ရန် နည်းလမ်းများ

ဆပ်ပြာနဲ့လက်ဆေးခြင်းဟာ အထိရောက်ဆုံးနဲ့ ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ငွေကြေးနဲ့အချိန်အပိုကုန်ခြင်းမှ ကာကွယ်နိုင်တဲ့နည်းလမ်းတစ်ခုဖြစ်ပြီး ကလေးငယ်များအသက်သေဆုံးခြင်းကိုလည်း တားဆီးနိုင်ပါတယ်။ ဆပ်ပြာအသုံးပြုပြီး လက်ဆေးခြင်းဖြင့် ကမ္ဘာပေါ်ရှိ အသက်၅နှစ်အောက် ကလေးငယ်များကိုသေဆုံးစေနိုင်သော အဓိကရောဂါကြီး ၂ ခုဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကို ၄၅ ရာခိုင်နှုန်း၊ အဆုတ်ရောင်ရောဂါကို ၂၃ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ ကလေး ၆ သိန်းရဲ့ အသက်ဆုံးရှုံးခြင်းကိုလည်း ကာကွယ်နိုင်ပါတယ်။ ဆပ်ပြာဖြင့် လက်ဆေးခြင်းဟာ ကျောင်းတက်ပျက်ခြင်းကို ၄၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါတယ်။ Lifebuoy ဟာ လက်ဆေးဆပ်ပြာများထုတ်လုပ်လျက်ရှိပြီး မိသားစုများကို မမြင်နိုင်သော ပိုးမွှားများကြောင့်ဖြစ်ရတဲ့ ကူးစက်ရောဂါများဖြစ်သော အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အစာအိမ်ရောဂါနဲ့ အရေပြားရောဂါ အစရှိသည်တို့မှ ကာကွယ်နိုင်ရန်ရည်ရွယ်ပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးအစီအစဉ်များလည်း ဆောင်ရွက်လျက်ရှိပါတယ်။






www.free4reader.com

8 days ဂျာနယ်တွင် အပတ်စဉ်ဖော်ပြသော နှလုံးသားကောက်ကြောင်း ကဏ္ဍအတွက် စာမူများဖိတ်ခေါ်ခဲ့ရာ လူငယ်များ၏ရင်ဖွင့်သံ စကားစုများကိုသာ ဦးစားပေးဖော်ပြခဲ့ပါသည်။ လုပ်ကြံဖန်တီးထားသော နှလုံးသားကောက်ကြောင်းများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ. . .





# စွန့်လွှတ်ခြင်းရဲ့ . . . နောက်ကွယ် . . .

## မိုးဇက်မေ

# Heart Profile

(၁)

"ကို" ဆိုတဲ့နာမ်စားလေးကို ခုချိန်ထိ နှင်းသုံးနေသေးတယ်ဆိုရင် နှင်းရဲ့ကွယ်ရာမှာ ကိုလှောင်ရယ်နေမလားကွယ်။ "အချစ်ဦးမို့ အနှစ်တစ်ရာမမေ့သာ" တဲ့လေ။ အနှစ်တစ်ရာမှ မဟုတ်ပါဘူး ကိုရယ်၊ ဒီတစ်သက်မက နောင်ဘဝ အဆက်ဆက်တွေထိပါ နှင်းက ကို့ကိုဆက်ချစ်နေမှာပါ။ ကို ယုံအောင်သက်သေပြပြီး ပြောမပြတတ်ခဲ့ပေမယ့် ရင်ထဲမှာတော့ ကို့ကိုချစ်တဲ့ အချစ်စိတ်အပြည့်နဲ့ပါပဲ။ ကို့ အမြင်မှာတော့ နှင်းက ကို့ရဲ့အနာဂတ်ဘဝ၊ ကို့ရဲ့အိပ်မက်တွေကို လှလှပပ နှင်းခြေဖျက်ဆီး လမ်းခွဲထားရက်ခဲ့တဲ့ ဒီလိန်မလေးတစ်ယောက် ဖြစ်နေမှာပေါ့နော်။ နှင်းရဲ့လုပ်ရပ်တွေက ကို့ကိုနာကျင်စေခဲ့ရတယ် ဆိုရင်တောင်မှ ကို့ဘဝကြီး သာယာဖို့အတွက် နှင်းအသည်းတွေ အကွဲကြေခံပြီးမှ ဆုံးဖြတ်ခဲ့ရတာမို့ နှင်းလည်း ကို့နဲ့ထပ်တူနာကျင်ရပါတယ်။

(၂)

ကိုနဲ့စတွေ့တုန်းက မိုးရေစက်တွေကြားထဲမှာနော်၊ အဲဒီတုန်းက အရမ်းကိုပျော်ရွှင်ရပြီး ကြည်နူးခဲ့ကြတယ်နော်၊ မိုးရေထဲ လက်တွဲလမ်းလျှောက်ခဲ့ကြတာတွေ၊ ကို့ကို ရေဘယ်လောက်စိုစို နှင်းကိုသာရေလုံအောင် ထီးမိုးပေးပြီး ဂရုစိုက်ခဲ့တာတွေ ခုထက်ထိတွေးမိတိုင်း ကြည်နူးဆဲပါ. . . ကို၊ အတူတူထိုင်ခဲ့ဖူးကြတဲ့ ကော်ဖီဆိုင်လေးမှာ နှင်း ခုထိတစ်ယောက်တည်းသွားထိုင်ရင်း ကို့ကိုများ မတော်တဆတွေ့ဦးမလားလို့မျှော်မိပါသေးရဲ့၊ နှင်းတို့ဆုံတိုင်း ထိုင်ဖြစ်ခဲ့ကြတဲ့ ပန်းခြံထဲက ခုံတန်းလျားလေးဆီလည်း မကြာခဏရောက်ဖြစ်မိသေးရဲ့၊ အနားမှာ ကိုမရှိပေမယ့်လည်း အရင်ကပုံရိပ်လေးတွေမြင်ယောက်ရင်း နှင်းကြည်နူးမိလို့ပါ။ ပခုံးချင်းယှက်၊ လက်ချင်းယှက်လို့သွားကြတဲ့ ချစ်သူစုံတွဲတိုင်းကိုမြင်ရင် နှင်းရဲ့ပခုံးလေးကို အမြဲဖက်ထားတတ်တဲ့ ကို့ကို ပိုသတိရတတ်တယ်၊ အမြဲတမ်း. . . အချိန်တိုင်းထက် တိုက်ဆိုင်မှုတွေများရှိရင် ပိုပြီးလွမ်းဆွတ်သတိရနေမိတယ်ကွယ်။

ခုနေ ကို. . . ဘယ်ဆီမှာများ ရောက်နေမလဲကွယ်၊ အရင်လိုမျိုး မဟုတ်တော့ရင်တောင်မှပဲ ကို့ရဲ့ အမုန်းအကြည့်လေးလောက်နဲ့ပဲဖြစ်ဖြစ် ခဏလောက်ပြန်တွေ့ချင်လိုက်တာ၊ ကို. . . နှင်းကိုအရမ်းမုန်းသွားပြီလားဟင်၊ "မင်းကိုငါ အရမ်းမုန်းတယ်" တဲ့လားကိုရယ်၊ ကိုနောက်ဆုံးပို့ခဲ့တဲ့ အဲဒီစာတိုလေး တစ်ကြောင်းက နှင်းရဲ့ရင်ကို အစိတ်စိတ်အမွှာမွှာ ကွဲစေခဲ့တယ်ဆိုတာ ကို. . . သိပါ့မလား၊ ကိုက နှင်းကို ရက်စက်တတ်တဲ့နှလုံးသားပိုင်ရှင်လို့ ထင်နေမှာပါလေ၊ ကိုရယ်. . . နှင်းကလေ. . . နှင်းက ကို့ကိုအရမ်းချစ်လို့ လမ်းခွဲရင်းစွန့်လွှတ်ခဲ့ရသူပါ။ ကျောခိုင်းလှည့်ထွက်ခဲ့ရသူနဲ့ ချန်ရစ်ခံလိုက်ရတဲ့သူချင်းက စိတ်ချင်းသာ မတူနိုင်ကြပေမယ့်ခံစားရမှုချင်းတော့ တူပါတယ်ဆိုတာ. . . ကို့ကို သိစေချင်လိုက်တာ။



MODEL : RDAN OO, TIFFANY CHAN (LAURAL ART ACADEMY), PHOTO : KHIN MG LATT (SILVER IMAGE)

www.free4reader.com



(၃)

ကို့ကို စွန့်လွှတ်နိုင်ဖို့ နှလုံးသားက လက်မခံပေမယ့် ဦးနှောက်ရဲ့ အသိတရားတချို့ကြောင့် နှင်းမိုက်မိုက်မဲမဲ ဆုံးဖြတ်ချက်ချခဲ့တယ်။ ကို့ဘဝ သာယာဖို့၊ အောင်မြင်ဖို့၊ နှင်းကြောင့်စိတ်အနှောင့်အယှက် မဖြစ်စေဖို့၊ နှင်းကြောင့် ကို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်မှာစိုးလို့ နှင်းရင်နာနာနဲ့ ဆုံးဖြတ်ခဲ့တာပါ။ အမှန်ဆို ကိုနဲ့စတွေ့တည်းက ကို့ကို မချစ်သင့်မှန်း သိလျက်နဲ့ နှင်းမိုက်မှုရဲ့ ဆန်ခဲ့မိတာ။ နှင်းကိုခွင့်လွှတ်ပါ ကိုရယ်။ ကို့အနားမှာ နှင်းအသက်ရှင်သမျှ ကာလပတ်လုံး နေချင်ခဲ့မိတာ. . . နှင်းအတ္တပါ. . . ကို၊ အဲဒီ အတ္တစိတ်ကြောင့် ကို့ကိုစွန့်လွှတ်ဖို့ နှင်းစဉ်းစားမိတိုင်း မဖြစ်နိုင်ခဲ့ဘူး။ ကို့ဘက်က နှင်းကို လက်ထပ်ဖို့ထိ မရည်ရွယ်ထားသေးခင်တည်းက နှင်းပြောသင့်ခဲ့တာ။ နှင်း. . . မလုပ်နိုင်ခဲ့ဘူး ကို၊ ကို့အနားက ထွက်ခွာသွားရမှာ နှင်းကြောက်ခဲ့တယ်။ ကိုမရှိဘဲ နှင်းနေနိုင်ဖို့၊ နှင်းခံနိုင်ရည်ရှိတဲ့ထိ စောင့်ပြီးမှ ကို့ကိုလမ်းခွဲခဲ့ရလို့ နှင်းတို့ ချစ်သူသက်တမ်းရှည်သွားခဲ့တယ်။

ပထမဆုံးအကြိမ် ကိုနဲ့စကားမပြောဘဲ နှင်းနေနိုင်အောင် ကျင့်ခဲ့ရတယ်၊ ကို့ကို နှင်းရဲ့စာမေးပွဲတွေ အကြောင်းပြပြီး ရှောင်တိမ်းနေခဲ့ဖူးတယ်၊ နှင်း. . . ကို့ကို စိတ်ဆိုးရင် ကို့အသားနာအောင်၊ သွေးထွက်တဲ့ထိဖြစ်အောင်ကို အမြဲလုပ်တတ်လို့ နှင်းဘက်က လမ်းခွဲဖို့များပြောလိုက်ရင် ကိုတစ်ခုခု လုပ်လိုက်မှာကို စိုးရိမ်ခဲ့ဖူးတယ်၊ နှင်းနံနက်တိုင်း ဖုန်းဆက်နှိုးပေးနေကျ ကို့ကို စောစောမထဖြစ်လို့ဆိုပြီး အကြောင်းပြလိမ်ညာခဲ့ဖူးတယ်၊ ကိုနဲ့တွေ့တိုင်း နှင်းတို့ အနာဂတ်အကြောင်း အမြဲပြောတတ်တဲ့ "ကို့" ကို တစ်ခါတလေ သနားမိခဲ့တယ်၊ နှင်းက. . . ကို့ ဘေးနားထာဝရရှိနေပေးနိုင်မယ့် ကို့ရဲ့လက်တွဲဖော်ဇနီးကောင်း တစ်ယောက်ဖြစ်လာမှာမဟုတ်ဘူး ကိုရယ်. . .။



(၄)

"ကို့" ကိုဘယ်တော့မှ ခွဲမသွားပါနဲ့ကွာလို့ နှင်းရဲ့လက်တွေတင်းတင်းဆုပ်ပြီးကို ပြောခဲ့တိုင်း ခေါင်းလေးညိတ်ခဲ့ပေမယ့် ရင်ထဲကကြိတ်ပြီး ဝမ်းနည်းနာကျင်နေခဲ့ရတယ်. . . ကို၊ နှင်းလည်း နှင်းချစ်တဲ့ကို့ကို မထားရက်ခဲ့ချင်ပါဘူး. . . ခွဲမသွားချင်ပါဘူးကွယ်၊ ကို့ရဲ့ဘေးမှာနေပြီး ကို့ရဲ့ပါရမီဖြည့်ပေးမယ့် ဇနီးလောင်းလေးအဖြစ် နှင်းလည်း ဆက်ရှိချင်သေးတာပေါ့၊ ဒါပေမဲ့ ကိုရယ်. . . ဒါတွေကနှင်းအတွက်တော့ လေထဲမှာတိုက်အိမ်ဆောက်သလိုမျိုးစိတ်ကူးယဉ်မှုသက်သက်ပါလေ၊ ဘဝဆိုတာခဏတာ ပေမယ့်လည်း လူတစ်ယောက်ကို တမ်းတလွမ်းတဲ့စိတ်နဲ့ ရှင်သန်ရပ်တည်နေရတဲ့သူအတွက်တော့ နာကျင်မှုဒဏ်တွေကို ဘယ် လောက်ထိခံစားနေရတယ်ဆိုတာ ကိုယ်တိုင်ခံစားဖူးတဲ့သူတွေမှ နားလည်မှုတွေပေးနိုင်လိမ့်မယ်. . . ကို၊

ကိုယ့်ရဲ့ စိတ်ခံစားချက်ကိုတောင် ကိုယ့်ဘာသာအနိုင်နိုင် ထိန်းချုပ်ပြီးနေရတဲ့ နှင်းရဲ့ဘဝမှာ ကို့ကို ချစ်ခဲ့ရတဲ့အတွက် နှင်းကိုယ်နှင်း ရခဲ့တဲ့နောင်တက ကို့ကိုချစ်မိတဲ့အတွက်ပါ၊ နှလုံးခုန်စက်လေးရဲ့ အကူအညီနဲ့ အသက်ဆက်နေရတဲ့ နှင်းက ကိုယ့်အတွက်လက်တွဲဖော်ကောင်းတစ်ယောက်မဖြစ်နိုင်ဘူးလေ၊ ကို့ရဲ့လက်ကိုတွဲပြီး ဘယ်လောက်ကြာကြာ နှင်းအသက်ရှင် နိုင်မှာလဲ. . . ကို၊ ကို့အတွက် မျိုးဆက်ရတနာလေးတွေ နှင်းမွေးထုတ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကို့ကို ဒီအကြောင်းတွေ နှင်းဖွင့်ပြောရင် နှင်းကိုသနားတဲ့စိတ်နဲ့ ကိုအရင်ကထက်ပိုပြီး ဂရုစိုက်မှာ နှင်းသိပါတယ်၊ နှင်းကြောင့် ကို့ရဲ့အနာဂတ်ဘဝလေး မပျက်ဆီးစေချင်ပါဘူး။

(၅)

နှင်းချစ်တဲ့ကို့ကို ဘဝကိုတန်ဖိုးရှိရှိဖြတ်သန်းစေချင်တယ်၊ နှင်းကြောင့် ကိုရှေ့လျှောက်ခံစားလာရမှာထက်စာရင်တော့ ခုလိုပဲနှင်းကို မုန်းလိုက်တာက နှင်းအတွက်ကျေနပ်စရာပါ. . . ကို၊ ကို့ကို မိုက်မိုက် မဲမဲရယူပိုင်ဆိုင်ဖို့ထက် နှင်းကိုခါးခါးသီးသီး မုန်းသွားတာကို နှင်းကျေနပ်ပါတယ်၊ ကို့ကို စွန့်လွှတ်ခဲ့ ရလို့ နှင်းဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး၊ ဒါက ကို့ကိုအရမ်းချစ်လို့ ကို့အတွက် နှင်းခင်းပေးလိုက်တဲ့ လမ်းလေးပါ. . . ကို၊ ခုလိုမျိုးပဲ ကို့မိဘတွေ သဘောကျပေးစားလိုက်တဲ့ ကိုရဲ့ဇနီးသစ်လေးနဲ့ ကို့ရဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်လျှောက်လှမ်းပါ တော့ကွယ်၊

ကို့ပတ်ဝန်းကျင်၊ ကို့ရဲ့အနားမှာ နှင်းအမြဲရှိနေတတ်ပါတယ်၊ ကို မမြင်နိုင်တဲ့ နောက်ကွယ်ကနေ ကို့ကို ခိုးကြည့်နေရတာလေးနဲ့ တင် နှင်း ကျေနပ်လှပါပြီ၊ နှင်းအနားမှာ အရင်တုန်းကလို ကိုမရှိတော့ပေမယ့်လည်း ကို့ရဲ့ ပုံရိပ်လေးတွေ နှင်းဘေးမှာရှိနေမှာပါ၊ နှင်းရဲ့နှလုံးလေး တွေခုန်နေသေးသရွေ့ နှင်းရဲ့ရင်ခုန်သံလေးတွေ စည်းချက်ညီ နေသေးသရွေ့ နှင်းရဲ့နောက်ဆုံးထွက်သက်ချိန်ထိ ကို့ကို ချစ်နေမှာပါ၊ စွန့်လွှတ်ခြင်းရဲ့နောက်ကွယ်ကကောင်မလေး တစ်ယောက်ရဲ့ ရင်ခုန်သံတွေ ကို. . . 'ကို' တစ်နေ့နားလည် လာမှာပါ၊ ကို့ ဘဝလေးအမြဲလှပပြီး ကို့ရဲ့ဇနီးလေးနဲ့ ထာဝရပျော်ရွှင်ရစေဖို့ အဝေးအရပ်ကနေ ဆုတောင်းပေးရင်း ထာဝရချစ်နေမှာပါ. . . ကို၊






www.free4reader.com

# ပြည်ပအနုပညာသတင်း INTERNATIONAL GOSSIP

သိုက်ထွန်း ရေးသည်



## တေလာဆွစ်(ဖ်)က အမျိုးသမီးဝါဒကိုထောက်ပြ

ဂရမ်မီဆုများရှင်အဆိုတော်မလေး တေလာဆွစ်(ဖ်)ဟာ အခိုပွာယ် ကောက်လွဲစေတဲ့ သတင်းခေါင်းစီးတပ်ပြီး သူမအကြောင်းရေးတဲ့ OK! မဂ္ဂဇင်းကို တွစ်တာမှတစ်ဆင့် ၂၁-၆-၁၅ နေ့ နံနက်က တုံ့ပြန်ရေးသားပြီး ယခုအခါ အမျိုးသမီးဝါဒဟာ ဘာကြောင့် အရေးပါကြောင်း ထောက်ပြလိုက်ပါတယ်။ တေလာဆွစ်(ဖ်)က သူမသူငယ်ချင်း လင်မယား ကလေးရတော့မှာကို ကြေညာဖို့ကူညီတဲ့သတင်းကို သူမမှာကိုယ်ဝန်ရှိကြောင်း ကြေညာသလို ရေးပြီး သူမဟာဟယ်ရီစတိုင်း(လ်)နဲ့ ကယ်(လ်)ဗင်ဟဲရစ်တို့ရဲ့ ရည်းစားဟောင်းပါလို့လည်း ရည်ညွှန်းထားလို့ တေလာက အဲဒီလိုတုံ့ပြန်လိုက်တာပါ။ မိန်းမတွေကို သူတို့အချစ်ရေးကိုပဲ အခြေခံပြီး သရုပ်ဖော်တဲ့မီဒီယာကို အဆိုတော်အာရီယာနာဂရန်ဒီကလည်း မကြာခင်က တွစ်တာမှာ ယခုလိုရေးခဲ့ပါတယ်။ "ယောကျ်ားတစ်ယောက်ရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အဖြစ် မိန်းမတွေကို ရည်ညွှန်းလေ့ရှိတဲ့ ဒီလောကကြီးမှာနေရတာ ကျွန်မ စိတ်ကုန်ပြီ" တဲ့။



## ခိုင်လီဂျင်နာရဲ့ ရင်သား မို့မောက်စေတဲ့လျှို့ဝှက်ချက်

ကင်မ်ခါဒါရှန်းရဲ့ ညီမငယ် ခိုင်လီဂျင်နာဟာ ၁၉-၆-၁၅ နေ့က Sugar Factory ဆိုင်ဖွင့်ပွဲကို တက်ရောက်တော့ ချက်နားအထိ ရင်ဘတ်ခွဲထားတဲ့ အနက်ရောင်ဂါဝန်ရှည်ဝတ်လာလို့ သူမရဲ့ မို့မောက်ဖွံ့ထွားတဲ့ ရွှေရင်အစုံတစ်ခြမ်းစီလောက် အတိုင်းသားပေါ်နေရှာပါတယ်။ ဒါပေမဲ့ ခိုင်လီက သူမရင်သား အဲဒီလိုဖြစ်အောင်လို့ ရင်သားကို ဆယ်လိုတိပ်အပြားကြီးကြီးတွေကပ်ကာ ပင့်တင်ထားတာပါလို့ Daily Mail သတင်းစာကို နောက်နေ့ဖွင့်ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူမရဲ့ဖက်ရှင်စံပြ ပုဂ္ဂိုလ်ဟာ ကင်(မ်)ပါပဲလို့ သူမက ပြောပါတယ်။ သူမက လေ့ကျင့်ခန်းလုပ်ရာမှာတော့ ခဲအိုဖြစ်သူ ကန်ယေးဝက်(စ်)ရဲ့ သီချင်းတွေဖွင့်ထားရင် သူမ ပိုစွမ်းအင်ပြည့်တယ်လို့လည်း ဆိုပါတယ်။ မိုင်ယာမီမြို့ရှိ Sugar Factory ဟာ သကြားလုံးနဲ့ စားသောက်ဆိုင် ပူးတွဲဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ခိုင်လီတစ်ယောက် အဲဒီဂါဝန်ဝတ်ပြီး အတွင်းက ဆယ်လိုတိပ်တွေမကပ်ထားရင် မီဒီယာတွေမှာ သူမပုံတွေ ဆင်ဆာဖြတ်ခံရဖွယ်ရှိပါတယ်။

## ရည်းစားအသစ်အရပြီလား ဂျပ်စတင်ဘီးဘား



ပေါ့(ပ်)ဂီတအဆိုတော်လေး ဂျပ်စတင်ဘီးဘားဟာ ရှဘီရို့(စ်)ဆိုသူလေးနဲ့ တွစ်တာမှာ မကြာခင်က သိကျွမ်းပြီးနောက် ပိုမိုရင်းနှီးလာပုံရပါတယ်။ ဂျပ်စတင့်ရုပ်ပုံ ကပ်ထားတဲ့ စန္ဒရားရှေ့ထိုင်နေသူ ရှဘီရဲ့တွစ်တာမှ ဓာတ်ပုံကို ဂျပ်စတင်က မှတ်ချက်ပေးရာက အပြန်အလှန်စာရေးကြရင်း ရင်းနှီးလာကြတာပါ။ ရို့(စ်)ဟာ ဂျပ်စတင်နဲ့နှိုင်းယှဉ်ခံရပြီး Orange is the New Black စီးရီးမှာ ပြက်လုံးထုတ်ခံရပါတယ်။ အဲဒီကစပြီး ဩစတြေးလျမှ မော်ဒယ်မလေး ရှဘီအကြောင်း လူပြောများလာပါတယ်။အင်တာနက်မှ ကျော်ကြားမှုကို မိမိ မမျှော်လင့်ထားကြောင်း သူမက Huff Postသတင်းစာကိုပြောပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ ဂျပ်စတင်နဲ့ မိတ်ဆွေ ဆက်ဖြစ်ချင်ရင်ယခုလို အတင်းအဖျင်းတွေကို ကျင့်သားရဖို့လိုပါတယ်။

## ယခုတစ်ပတ် အညံ့ဆုံးဖက်ရှင် ဘယ်သူဝတ်ဆင်ခဲ့သလဲ

ရုပ်ရှင်နဲ့ရုပ်သံမင်းသမီး "ရို့(စ်)မက်ဂိုဝမ်းဟာ အမှိုက်အိတ်နဲ့တူတဲ့ ဒီဂါဝန်ကို ရှေ့တည့်တည့် ထက်ခြမ်းခွဲပြီး ဝတ်ဆင်ကာ L.A. မြို့ရှိ "ရှဲတိုးမာမွန့်မောင့်" စားသောက်ဆိုင်သို့ ရောက်လာပါတယ်။ အဲဒီဂါဝန်က သူမကိုယ်လုံးအလှကို ဖုံးကွယ်စေပြီး ခေတ်မဆန်ဘဲ အမှိုက်အိတ်မည်းကြီးကောက်စွပ်လာသလိုဖြစ်လို့ Starplus ဝက်(ဘ်)ဆိုက် ဒီတစ်ပတ် အညံ့ဆုံးဖက်ရှင်ဝတ်ဆင်သူအဖြစ် သူမကို ရွေးချယ်လိုက်ပါတယ်။





## ဟိုလီမက်ဒီဆင်ရဲ့ စာအုပ်ကို ချစ်သူဟောင်းက ဝေဖန်ရှုတ်ချ

Playboy မဂ္ဂဇင်းတည်ထောင်တဲ့ သူဌေးကြီး ဟျူးဟက်(ဖ်)နာဟာ သူနဲ့ ကွဲသွားတဲ့ ချစ်သူဟောင်း မော်ဒယ်လေး "ဟိုလီမက်ဒီဆင်" ရဲ့ ဘဝမှတ်တမ်းစာအုပ် Down The Rabbit Hole ထဲက အချက်အလက်တချို့ကို တုံ့ပြန်ဝေဖန်လိုက်ပါတယ်။ ဟိုလီဟာ ပလေးဘွိုင်စံအိမ်ကြီးမှာ နေထိုင်ခဲ့ပုံတွေနဲ့ The Girl Next Door ဇာတ်လမ်းမှာ ဟက်(ဖ်)နာနဲ့ တွဲဖက်ပါဝင်ပုံတွေကိုရေးပြရုံမက အဲဒီမှာနေရတာစိတ်ညစ်လို့ အဆုံးစီရင်ဖို့ကြံစည်ဖူးကြောင်းထည့်ရေးထားပါတယ်။ "ကျုပ်ဘဝတစ်လျှောက်လုံး မိန်းမလှပေါင်းများစွာနဲ့ပေါင်းခဲ့ပြီး လမ်းခွဲတော့လည်း မိတ်ဆွေတွေဆက်ဖြစ်ကြပါတယ်။ ဒါပေမဲ့ ပရိသတ်မေ့မသွားအောင်လို့ သမိုင်းကိုပြင်ရေးချင်ကြတဲ့ မိန်းမတချို့လည်းရှိသဗျ။ သူတို့အားလုံးကိုတော့ ကျုပ် အနိုင်ယူလို့မရပါဘူး" လို့ ဟက်(ဖ်)နာကပြောပါတယ်။ ဟိုလီက ရေနစ်တာဟာ အသင့်လျော်ဆုံး အဆုံးစီရင်နည်းဖြစ်မယ်လို့ မိမိယူဆခဲ့ကြောင်း ရေးသားထားပါတယ်။

www.free4reader.com

# myanmar LOOSE talks

၊ မိုးထက်ကျော် ၊



### စိတ်လောတာနဲ့ သီချင်းဆိုဖို့ မေ့သွားတယ် ကယ်ရိုလိုင်း

ကယားပြည်နယ်နေ့တုန်းက သီချင်းဆိုရတယ်။ ဒါပေမဲ့ အဆိုအပြင် Dancer တွေနဲ့ပါ ကရတာ။ ကိုယ်ကလည်း တစ်ခါမှမကဘူးတော့ Dancer တွေနဲ့ကဖို့ပဲ စိတ်လောနေတာနဲ့ သီချင်းဆိုဖို့ မိုက်မေ့ကျန် ခဲ့တယ်။



### အိမ့်ချစ်ခေါင်းမူးသလား… ခန့်ထိုက်တန်

အိမ့်ချစ်ရဲ့ အချစ်ရေးအခွေ MTV ရိုက်တုန်းက အိမ့်ချစ်ကို ခေါင်းပုတ်ရတဲ့ အခန်း ခဏခဏပြန်ရိုက်ရတယ်။ ဒါရိုက်တာက ပုတ်ရုံပဲပုတ်ခိုင်းတာပါ။ ကျွန်တော်လည်း ပုတ်တာပဲ။ ဒါပေမဲ့ အပုတ်လွန်ပြီး ရိုက်သလိုဖြစ်သွားတာ။ လေးခါလောက်ပြန်ရိုက်လိုက်ရတယ်။ မအိမ့်ချစ်တော့ ခေါင်းမူးသွားတယ် ထင်ပါတယ်ဗျာ။



### နည်းနည်းလေးပဲလွဲပါတယ်…ဖြိုးပိုင်ညီညီ

သင်တန်းတက်တုန်းကဆိုရင် တီချယ်တင်မိုးလွင်က မနက်ဖြန် အကသင်ပေးမယ်လို့ပြောတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီတုန်းက သိပ်မကြားလိုက်ဘူး။ မနက်ဖန်လည်း ဒီအတိုင်း Show လျှောက်ရမယ်လို့ထင်တာ။ ကျွန်တော် Gentleman Style ဝတ်သွားတာပေါ့။ ဟိုလည်းရောက်ရော အကုန်လုံးက ကမယ့် Style တွေ။ အင်္ကျီအမိုက်စားတွေနဲ့လေ။ ကိုယ်တစ်ယောက်တည်း ဝွမ်းသွားတယ်။

### ကြောက်ဒူးတုန်ခဲ့ဖူးတယ် မင်းလူလူ

အနုပညာသက်တမ်းခြောက်နှစ်အတွင်း "အတောင်ပံများနှင့်လူ"ဇာတ်ကားရိုက်တယ်။ မင်းသမီးကို တောင်းပန်တာလက်မခံလို့ တိုက်ပေါ်ကနေ ခုန်ချရတဲ့အခန်းမှာ တိုက်ပေါ်ကနေ တကယ်ခုန်ချရတာ။ ဒါရိုက်တာကပြောပါတယ်။ ခုန်ချရဲလားတဲ့။ အမြင့်က လူတစ်ယောက်ရဲ့အမြင့်နှစ်ပြန်စာလောက်ရှိတယ်။ ကိုယ်ကလည်း ဒီလောက်တော့အေးဆေးပေါ့။ တကယ်တမ်းလည်း ခုန်ချမယ်ဆိုရော ကြောက်ဒူးတွေတုန်လာတယ်။ ဇာတ်ကားကလည်း ကိုယ်တိုင်ပရိုဂျူဆာလုပ်ပြီး ရိုက်ထားတာမပြီးသေးဘူး။ နောက်တစ်ရက်ကျန်သေးတယ်။ တစ်ခုခုများ ဖြစ်သွားရင်တော့ သွားပြီပေါ့။ အားတင်းပြီး ခုန်ချခဲ့ရတယ်။အောက်မှာ ဆိုဖာပါးပါးလေးတော့ ခင်းထားတယ်။



### ဖက်ရှင်အလွဲ… အုပ်သာကျော်

ကာရိုက်တာအရ ရိုက်ရမှာ စမတ်ကျကျဗျ။ ကျွန်တော်ကလည်း အစက ဖက်ရှင်တွေဘာတွေ သိပ်မချိန်တတ်သေးတော့ နည်းနည်း Street ဆန်တာပဲ ပါသွားတယ်။ Smart တော့ Smart ပဲ။ ဒါပေမဲ့ ကာရိုက်တာက အရမ်းစမတ်ကျတဲ့ ပုံစံဆိုတော့ နည်းနည်းပိုစုတ်သွားတာပေါ့ဗျ။






www.free4reader.com




# အတောင်ပံများနဲ့လူရဲ့ Clown

ကျော် မျိုး နိုင်

8days Behind The Scene ပရိသတ်တွေအတွက် ပထမဆုံးတင်ပြပေးချင်တဲ့ ရိုက်ကွင်းလေးကတော့ 8days ပရိသတ်တွေနဲ့ အကျွမ်းတဝင်ရှိလှတဲ့ ဒါရိုက်တာကိုဇော်(အရုဏ်ဦး) နေဒွေး၊ သွန်းဆက်တို့ရဲ့ Clown ဆိုတဲ့ဇာတ်ကား ရိုက်ကွင်းလေးပါ။ ဟာသနဲ့ သည်းထိတ်ရင်ဖိုပေါင်းစပ်ထားတဲ့ ဇာတ်ကားလေးဖြစ်တာကြောင့် ပရိသတ်တွေ ကြိုက်နှစ်သက်မယ်လို့လည်း ယုံကြည်မိပါတယ်။ သုဝဏ္ဏရွှေတင်အိမ်မှာ အခြေတည်ထားတဲ့အဆိုပါ ကားလေးထဲက ပါဝင်သူတွေရဲ့ စကားသံတွေကို တင်ပြပေးလိုက်ပါတယ်။

**ဒါရိုက်တာကိုဇော်(အရုဏ်ဦး)**

အခုရိုက်နေတဲ့ ဇာတ်ကားလေးရဲ့ နာမည်က Clown ပါ။ ဒီကားလေးမှာ လူသတ်မှုကျူးလွန်ထားတဲ့ အမွေဆိုင်အိမ်ကို ကိုလူမုန်းက အိမ်ထိန်းအဖြစ်စောင့်ရှောက်ထားတယ်။ ဒီအိမ်နဲ့ပတ်သက်တဲ့ လူ လေးယောက်ရှိတယ်။ နေဒွေး၊ သွန်းဆက်၊ မင်းခ၊ ကျော်စိုးတို့ပေါ့။ သူတို့လေးယောက်ဆုံမှ အိမ်ကိုအမွေခွဲပေးမှာဖြစ်တာကြောင့် သူတို့လေးယောက်က နေရာအသီးသီးကရောက်လာတယ်။ အစပိုင်းတော့ ဟာသပုံစံလေးနဲ့နောက်ပိုင်းမှာတော့ ထိတ်လန့်စရာလေးတွေလည်းရှိမယ်။ ပရိသတ် မထင်ထားတဲ့ဇာတ်သိမ်းပုံစံလေးပါ။

**နေဒွေး**

ဒီကားနာမည်က Clown ပါ။ ဒီကားမှာ အမွေရဖို့အတွက် နယ်ကရောက်လာတဲ့သူထဲကတစ်ယောက်ပေါ့။ ကျွန်တော်က ဒီကားထဲမှာ ရိုးရိုးအေးအေးပုံစံလေးပါပဲ။ အခက်အခဲတော့မရှိပါဘူး။ အဲဒီပုံစံမျိုးက ရိုက်ဖူးတယ်။ အမှတ်တရကတော့ ဗီဒီယိုမှာ ဒါရိုက်တာကိုဇော်နဲ့ ဒီကားက ပထမဦးဆုံးဆုံဖူးတာပါ။ ရုပ်ရှင်ကားကြီးက နှစ်ကားဆုံဖူးတယ်။ ရှစ်လပိုင်းမှာ ကိုဇော်နဲ့ပဲ သားဘီးလူးရုပ်ရှင်ကားကြီး ရိုက်မှာပါ။

**သွန်းဆက်**

ဒီကားမှာ သွန်းဆက်ကအကြွားသန်ပြီး အောက်ခြေလွတ်နေတဲ့ပုံစံလေးပေါ့။ စွာလည်းစွာတယ်။ ကိုနေဒွေးက အေးတယ်။ ကိုမင်းခကကျတော့ အပိုမကျိုးဘဲ စောင့်ကြွားကြွားပုံစံနဲ့ ကိုကျော်စိုးကကျတော့ ဒုရဲအုပ်ပုံစံလေးပါ။ သွန်းဆက်တို့က လေးယောက်ဆုံမှ အမွေရမယ်ဆိုလို့ ဒီအိမ်လေးကိုရောက်လာကြတာပေါ့။

ဒုတိယရိုက်ကွင်းလေးကတော့ 8days ပရိသတ်တွေနဲ့ဆုံရတာ နည်းတဲ့ဒါရိုက်တာလွင်ဗိုရဲ့ အတောင်ပံများနဲ့လူပါ။ မင်းလူလူနဲ့ မေမြတ်နိုးတို့က အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ သာမန်မြင်တွေ့နေကျ ဇာတ်လမ်းပုံစံကနေ ကွဲထွက်ပြီး ပရိသတ်အမြင်ဆန်းစေမယ့် ရိုက်ကွင်းလေးဖြစ်တာကြောင့် ရိုက်ကွင်းတည်ရှိရာ မှော်ဘီကွန်းကို ရောက်ရှိခဲ့ပါတယ်။ ဘယ်လိုအခက်အခဲတွေနဲ့ ဘယ်လိုပုံဖော်ရိုက်ကူးနေလဲဆိုတာတော့ အနုပညာရှင်တွေနဲ့ စကားသံတွေနဲ့အတူ တင်ပြပေးလိုက်ပါတယ်။

**ဒါရိုက်တာလွင်ဗို**

ဒီကားလေးရဲ့နာမည်က တောင်ပံများနဲ့လူပါ။ ဇာတ်လမ်းပုံစံကသဘာဝလွန်ပုံစံလေးပါ။ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ အစ်ကိုက ငှက်တွေကို သုတေသနလုပ်တယ်။ လူသားတွေမှာ ဆေးကုလို့မရတဲ့ ရောဂါတွေကို ပျောက်မယ့် ငှက်မျိုးရိုးဗီဇတွေကိုရှာဖွေတဲ့သူတစ်ယောက်။ သူက အဲဒါအောင်မြင်ဖို့ တီထွင်နေရင်းသေသွားတယ်။ အဲဒီအချိန်မှာ သူ့ညီကသူ့အစ်ကို့ကို သတိရပြီးစမ်းသပ်ခန်းထဲဝင်သွားတယ်။ စမ်းသပ်လက်စ chemical ပစ္စည်းတွေကနောက်ပြီး သူ့ကိုယ်ထဲကို ဆဲလ်တွေပျံ့နှံ့သွားတယ်။ စိတ်အရမ်းလှုပ်ရှားပြီး နှလုံးခုန်လာတာနဲ့ ဆဲလ်တွေကြွလာပြီး ကျောကနေတောင်ပံပေါက်လာတယ်။ ကောင်မလေးလည်း အတောင်ပံပေါက်တာသိသွားတယ်။ Animation ဆွဲရမှာက အတောင်ပံပေါ့။ လေထဲပျံနေတာတွေတော့ရိုက်ရမယ်။ 3Dနဲ့ လူနဲ့ပေါင်းစပ်ပြီး အတောင်ပံလူသားဖြစ်ဖို့ကြိုးစားရမယ်။

**မင်းလူလူ**

ဒီကားက ကျွန်တော့်ရဲ့ပထမဆုံးခေါင်းဆောင်ကားပါ။ ထူးထူးဆန်းဆန်းဖြစ်အောင် Animation ဇာတ်လမ်းပုံစံလေးပေါ့။ ကျွန်တော့် ကိုယ်ပိုင်တိုက်နဲ့ရိုက်တာပါ။ ဒီကားက ဇာတ်လမ်းဆန်တော့ ပရိသတ် အမြင်ဆန်းမှာပါ။ ပထမဆုံးကားဖြစ်တာကြောင့် ဆရာနဲ့တိုင်ပင်ပြီး ဇာတ်လမ်းဆန်ဆန်လေးရိုက်ချင်တာပါ။ ဘယ်သူမှမရိုက်သေးတာကြောင့်လည်း ဆရာပြောတာနဲ့ ရိုက်လိုက်တာပါ။

**မေမြတ်နိုး**

ဒီကားထဲမှာ ကိုမင်းလူလူရဲ့ သူငယ်ချင်းပေါ့။ သူကလည်းကြိုက်နေတယ်။ ကိုယ်ကလည်းကြိုက်နေတယ်။ ဖွင့်မပြောကြဘူး။ သူဌေးသမီးပုံစံလေးပါ။ သူကလည်းစိတ်လှုပ်ရှားရင် အတောင်ပံပေါက်တတ်တာကြောင့် ဖွင့်မပြောဘူးပေါ့။ ဒါပေမဲ့ နောက်ပိုင်း မြတ်နိုးသိသွားခဲ့တယ်။ ချစ်သူတွေဖြစ်ကြတယ်။ ဒီကားလေးကို ပရိသတ်ကြိုက်ကြမှာပါ။ ဇာတ်လမ်းပုံစံလေးကလည်း ဆန်းပါတယ်။

8 DAYS ရဲ့ ရုပ်ရှင်ဗီဒီယိုချစ်ပရိသတ်များအတွက် Behind the Scene ဆိုတဲ့ ကဏ္ဍတစ်ခု တင်ဆက်ပေးလိုက်ပါတယ်။ ဒီကဏ္ဍကနေ ရုပ်ရှင်တစ်ကား၊ ဗီဒီယိုတစ်ကား၊ ဗီစီဒီသီချင်းတစ်ပုဒ်၊ ကြော်ငြာ Scene တစ်ခု စသဖြင့် ပရိသတ်ရှေ့မရောက်ခင် ကြိုတင်ပြင်ဆင်လုပ်ဆောင်ချက်တွေထဲကမှ . . . တစ်နည်းအားဖြင့် ရိုက်ကွင်းထဲက မြင်ကွင်းတချို့ကို ထုတ်နှုတ်တင်ပြသွားမှာဖြစ်ပါတယ် . . .

Behind The Scene

www.free4reader.com



PHOTO : KHIN MG LATT (SILVER IMAGE)

# 8Q&A

## ခုချိန်မှာ ပေါ်ပြူလာအဖြစ်ဆုံးက Miss ပြိုင်ပွဲတွေပါ . . .

### ခင်လပြည့်ဇော်

( အောင် ပြည့် စုံ )

လက်ရှိမှာ ပရဟိတ အလုပ်တွေအဖြစ် Hand Made လေးတွေ လုပ်ပြီး ပရိသတ်အတွက်ပေးဆပ်နေတဲ့သူပါ။ Miss တစ်ယောက်အနေနဲ့ သရုပ်ဆောင်ဘက်မှာပါ ပရိသတ်အားပေးမှုရရှိချင်ပါတယ်တဲ့၊ ပရိသတ်ကလည်း သူရိုက်ထားတဲ့ဇာတ်ကားကို အမြန်ဆုံးထွက်စေချင်ပေမယ့် အခုထိမထွက်နိုင်သေးလို့ ပရိသတ်ကိုအားနာပါတယ်ဆိုတဲ့ ခင်လပြည့်ဇော်ရဲ့ အနုပညာလှုပ်ရှားမှု တချို့ကို ပရိသတ်ကြီးအတွက် တင်ပြပေးလိုက်ပါတယ်။

**Q. ဇာတ်ကားတွေရိုက်ကူးထားပေမယ့် ဘာကြောင့်မထွက်သေးတာလဲ. . .**

A.ဟုတ်ကဲ့၊ အဲဒါက ထုတ်လုပ်ရေးဘက်က မထုတ်သေးတာပါ။ ဘာကြောင့်မှန်း တော့မသိပါဘူး၊ Facebook က ပရိသတ်တွေကလည်း မေးနေပါပြီ၊ ညီမကအခုချိန်မှာ ကြော်ငြာတွေရိုက်ထားတာရှိပါတယ်၊ ပရိသတ်ကြီးကလည်း ဇာတ်ကားတွေ မထွက်ခင် ကြော်ငြာတွေအားပေးနေပါလို့ ပြောချင်ပါတယ်၊

**Q.အဲဒီအတွက် ထုတ်လုပ်ရေးကို ဘာပြောချင်လဲ. . .**

A. ဘာမှ မပြောချင်ပါဘူး၊ ထုတ်လုပ်ရေးကလည်း သူတို့ဘက်က အခက်အခဲတွေရှိလို့ဖြစ်မှာပါ။

**Q.ဒါဆို ညီမအတွက် ရှေ့ဆက်ရမယ့် အလုပ်တွေမှာပါ ကြန့်ကြာနေတယ်လို့ ပြောလို့ရလား. .**

A. အလုပ်တွေ ကြန့်ကြာတယ်ဆိုတာထက် ရိုက်ထားတဲ့ ကားထဲက ဒီဇိုင်းတွေ ခေတ်မညီတော့မှာစိုးတာပါ၊ ဥပမာ ၂၀၁၃ ခုနှစ်မှာ ရိုက်ထားတဲ့ကားက ၂၀၁၄ ခုနှစ်မှာပြရင် အဝတ်အစား ဒီဇိုင်းတွေက အခုခေတ်နဲ့ကိုက်ညီချင်မှ ကိုက်ညီမှာပါ၊ အလုပ်တွေ ကြန့်ကြာနေတယ်ဆိုတာထက် ပရိသတ်နဲ့ အဆက်အသွယ်ပြတ်သွားမှာကိုပဲ စိုးရိမ်တာပါ။

**Q. Hand Made လုပ်ဖြစ်တဲ့ အကြောင်းလေး ပြောပြပေးပါဦး. . .**

A. ညီမရဲ့ သူငယ်ချင်းတွေနဲ့ ဒီအနုပညာလောကထဲက မိတ်ဆွေတွေရယ်၊ ပြီးတော့ ပရိသတ်တွေအတွက် လုပ်ပေးတာပါ။ အခုတော့ အချိန်မပေးနိုင်တာကြောင့် ခဏနားထားပါတယ်၊ တချို့ကမေးတာပေါ့၊ Hand Made တွေလုပ်ပြီး ရောင်းမလား ပေါ့၊ ညီမကအဲလို စီးပွားဖြစ်လုပ်ပြီး မရောင်းပါဘူး၊ ဒါပေမဲ့ ပရဟိတအလှူအတွက် အဖွဲ့အစည်းတစ်ခုနဲ့ပူးပေါင်းပြီး လုပ်ရမယ်ဆိုရင်တော့ Hand Made လုပ်ပြီး ပရဟိတအလှူလုပ်သွားမှာပါ။

**Q.ညီမတို့နောက်ပိုင်း Miss တွေကို ပရိသတ် သိပ်မသိတော့ဘူးနော်၊ ဘာကြောင့်လို့ထင်လဲ. . .**

A. Miss တွေအကုန်လုံးကတော့ သူတို့ရတဲ့ ဆုနဲ့ ထိုက်တန်တဲ့ အရည်အချင်းတွေ ရှိပါတယ်၊ ဒါပေမဲ့ ဒီဘက်ခေတ်က Miss ပြိုင်ပွဲတွေ အရမ်းများလာတော့ ပေါ်ပြူလာဖြစ်လာတဲ့သဘောပါ။ ညီမတို့တုန်းက တစ်နှစ်မှ Miss ငါးယောက်လောက်ထွက်တာပါ။ အဲဒီတော့ တစ်ယောက်တည်းကို မီဒီယာတွေက ဖော်ပြတယ်၊ ပြီးတော့ ပရိသတ်ကလည်း Miss တွေကို ပိုပြီးသတိထားမိတယ်၊ အခုက ပြိုင်ပွဲကများလာတယ်၊ အဲဒီတော့ Miss တွေလည်း အရမ်းများလာတာပေါ့၊ ပရိသတ်အားပေးမှုက တစ်ယောက်တည်း မဟုတ်ဘဲ ပရိသတ်မှုပြီးအားပေးတဲ့သဘောပါ။

**Q. Miss တစ်ယောက်အဖြစ် မရပ်တည်နိုင်လို့ သရုပ်ဆောင်လောကထဲ ပြောင်းတာလား. . .**

A. ဒီမှာက အခုလောလောဆယ်ပေါ်ပြူလာဖြစ်နေတာ Miss ပြိုင်ပွဲတွေပါ၊ ဟိုတုန်းကတော့ အဆိုပြိုင်ပွဲတွေပေါ့၊ ဒီ Miss ပြိုင်ပွဲတွေကမှ ပရိသတ်သိလာတဲ့အခါ သီချင်းဆိုမယ်၊ သရုပ်ဆောင်လုပ်ကြတယ်၊ သူတို့ဝါသနာပါလို့ လုပ်ကြတယ်လို့ပဲ ထင်ပါတယ်၊

**Q.အနုပညာအလုပ်တွေအပြင် တခြားစီးပွားရေးဘာတွေလုပ်ဖြစ်နေလဲ. . .**

A. အိမ်ကပြောပါတယ်၊ ညီမကငယ်သေးတော့ စီးပွားရေးမလုပ်နဲ့ဦးတဲ့၊ ကိုယ်ဝါသနာပါတဲ့ အနုပညာအလုပ်တွေကို လုပ်ခိုင်းထားပါတယ်၊ အနုပညာဆိုတာ ငယ်ရွယ်တုန်းလုပ်ရတာ ကောင်းတယ်၊ ကြီးသွားရင် သိပ်အဆင်မပြေပါဘူး၊ အဲဒီအတွက် အနုပညာအလုပ်တွေပဲ ဆက်တိုက်လုပ်သွားမှာပါ။

**Q. သရုပ်ဆောင်ပိုင်းနဲ့ ပတ်သတ်လို့ ဇာတ်ကားတွေကြည့်ချင်နေတဲ့ ပရိသတ်တွေကိုရော. . .**

A. ဟုတ်ကဲ့၊ အခုလို ညီမကို မမေ့သွားဘဲ ဇာတ်ကားတွေကြည့်ချင်ပါတယ်ဆိုတော့ အရမ်းဝမ်းသာပါတယ်၊ ပရိသတ်အတွက်လည်း အနုပညာအလုပ်တွေ လုပ်သွားမှာပါ၊ ရိုက်ပြီးသားဇာတ်ကား ထွက်မလာသေးလို့လည်း ပရိသတ်ကြီးကိုအားနာပါတယ်၊



# SWEET SUCCESS

## မုန်းတယ်

### ရေး/ဆို-ပိုပို

( မိုး ထက် ကျော် )

လက်ရှိအချိန်အခါမှာ အဆိုတော်များစွာပေါ်ထွက်နေတဲ့အတွက် တေးသီချင်းတွေဟာလည်း ရေတွက်လို့ မရနိုင်အောင် ရှိနေပါတယ်၊ အဲဒီထဲမှာမှ အဆိုတော်တစ်ယောက်ရဲ့ တေးသီချင်းတစ်ပုဒ်ဟာ နားဆင်သူပရိသတ်တွေရဲ့ ပါးစပ်ဖျားမှာကြားရဖို့ဆိုတာ မလွယ်လှပါဘူး၊ ဒါပေမဲ့ ပရိသတ်တွေရဲ့ကြားထဲမှာ အောင်မြင်တဲ့သီချင်းတွေလည်း ရှိတဲ့အတွက် သီချင်းတစ်ပုဒ်ကို ဖန်တီးသူတေးရေးဆရာနဲ့ ပုံဖော်သူတေးဆိုသူတို့ရဲ့ ခံစားချက်တချို့ကို တေးသီချင်းချိုချို အောင်မြင်မှုချိုချို ကဏ္ဍလေးကနေတင်ဆက်ပေးလိုက်ပါတယ်၊ 8 days Journal ရဲ့ တေးချစ်ပရိသတ်တွေလည်း ကြိုက်နှစ်သက်ကြမယ်လို့ ယူဆပါတယ်၊

**လောကကြီးမှာမရှိတော့တဲ့ လူတစ်ယောက်အကြောင်းရေးထားတာ. . .**

အဲဒီတုန်းက အဖွားစဆုံးတဲ့အချိန်မှာ ချစ်သူတစ်ယောက်အနေနဲ့ မဟုတ်ဘဲ လူတစ်ယောက်မရှိတော့ဘူးဆိုတဲ့ ခံစားချက်ပေါ့၊ နင်မရှိတော့ဘူးလို့ ပြောတဲ့လူတွေကိုမုန်းတယ်ဆိုတော့ အဖွားကိုလွမ်းလို့ရေးထားတဲ့သီချင်းလေ၊ အဖွားကိုဆိုပေမယ့် လူတစ်ယောက်မရှိတော့တဲ့အချိန်မှာ ခံစားရတဲ့ခံစားမှုမျိုးကို ရေးထားတာ၊ အဓိကဒီသီချင်းက ရိုးရိုးအသည်းကွဲတာမဟုတ်ဘဲနဲ့ လောကကြီးမှာမရှိတော့တဲ့ လူတစ်ယောက်အကြောင်းရေးထားတာတာ၊

**သူများသီချင်းမဆိုတတ်ဘူး. . .၊**

သီချင်းကဒီလိုပဲရေးလိုက်တာ၊ စာသားတွေ Melody တွေမဆန်းပေမယ့် နားထောင်လို့ကောင်းတာက မပြောတတ်တော့ဘူး၊ ပိုပိုကရေးထားတာ အများကြီးဖြစ်နေပြီဆိုတော့ "မုန်းတယ်"သီချင်းက ကိုယ်တိုင်ဆိုဖို့ရေးထားတာ၊ ပိုပို အရင်တုန်းကဆို ဂစ်တာတီးရင် ဂစ်တာတီးတာနဲ့ သီချင်းကထွက်ပြီးသားပဲ၊ ဂစ်တာအတီးပါးစပ်ကအထွက်ပဲ၊ ဒါပေမဲ့ ခံစားချက်တွေတော့ စုထားတာပေါ့၊ ဒီသီချင်းဆိုတဲ့အခါ အခက်အခဲတော့မရှိပါဘူး၊ သူများသီချင်းဆိုရတာတော့ ပိုခက်တယ်၊ သူများသီချင်းဆိုရင်တော့ တော်တော်တိုင်ပတ်တယ်၊ ငြင်းရမှာလည်းအားနာတယ်၊ သူတို့ရဲ့ဒီပုံစံအတိုင်းဆိုပေးပါဆို အရမ်းစိတ်ညစ်ရတယ်၊ ပိုပိုကသူများသီချင်းမဆိုတတ်ဘူး၊

**အမှတ်တရမရှိဘူး. . .**

"မုန်းတယ်"သီချင်းက တော်တော်ကြာမှဆိုတာပါ၊ တော်တော်ကြာပေမယ့် Mood ရပါတယ်၊ အဓိကစိတ်သွင်းလိုက်ရင်ရတယ်၊ Recording သွင်းတဲ့အချိန်မှာ အမှတ်တရဘာမှမရှိဘူး၊ ဘာလို့လဲဆိုတော့ အဲဒီသီချင်းက လွယ်လွယ်လေးမို့လို့ပါ၊

**တေးသီချင်းရေးတာကို ကြိုက်တယ် ပြောရင် အရမ်းသဘောကျတယ်. . .**

ပရိသတ်ကအခုနောက်ပိုင်း လက်ခံတဲ့အတွက် ပျော်တယ်၊ တေးဆိုထက်ကို တေးရေးတစ်ယောက်အနေနဲ့သီချင်းရေးတာကောင်းတယ်ပြောရင် သိပ်သဘောကျတာ၊ အဆိုကောင်းတာမကောင်းတာ သူတို့ပြောတာမပြောတာကိုစိတ်မဝင်စားဘူး၊ တေးသီချင်းရေးတာကို ကြိုက်တယ်လို့ပြောရင် အရမ်းသဘောကျတယ်၊ အကြိုက်ဆုံးစာသားက "နှစ်တွေလတွေ ကုန်ဆုံးလည်းမေ့ပျောက်ဖို့သင့်နေပြီ" "နင်ညာခဲ့တာလားကွယ် အချစ်ဆုံးရယ် နင်မရှိတဲ့ လောကကမ္ဘာကြီးထဲမှာ သူစိမ်းတွေ အလယ်မှာ ငါဘယ်လိုနေရမလဲ" ဆိုတာကိုအကြိုက်ဆုံးပဲ၊ ကိုယ်အရမ်းချစ်ရတဲ့လူတစ်ယောက် မရှိတော့တဲ့အချိန်မှာ သူစိမ်းတွေကြားထဲနေဖို့ တော်တော်ခက်ခဲတယ်၊ အဲဒါလေးကို အကြိုက်ဆုံးပါပဲ. . .၊

www.free4reader.com



# လျှို့ဝှက်ဆန်းကြယ်သော မျက်နှာဖုံးအဆိုတော်များ . . .

သီဟပျံ့ရှိ

# Korean Wave

တောင်ကိုရီးယားမှာ ထူးခြားတဲ့ အစီအစဉ်တစ်ခုကို ယခုနှစ်အတွင်း သကြံန်ကာလမှာ စတင်ခဲ့ပါတယ်။ အဆိုတော်တွေဟာ မျက်နှာဖုံးစွပ်ပြီး အဆိုပြိုင်ရတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ လူကြိုက်များခဲ့တယ်။ ဝင်ပြိုင်တဲ့အဆိုတော်ကို ဘယ်သူလဲဆိုတာ မသိရဘူး၊ ပြောခွင့်မရှိဘူး။ မျက်နှာဖုံးတပ်ပြီးသီဆိုရတယ်။ ပရိသတ်နဲ့ ဒိုင်လူကြီးတွေက အနိုင်ရရှိသူကို မဲခွဲဆုံးဖြတ်ပေးကြတယ်။ ဒီအစီအစဉ်ဟာ အောင်မြင်လွန်းလို့ အခွေတောင်ထုတ်ခဲ့ရတယ်။ နိုင်ငံခြားမှာလည်း ဒီလိုမျက်နှာဖုံးတပ်တဲ့ အဆိုတော်တွေရှိတယ်။ အဲဒီထဲက ဗြိတိန်ရပ်ပါ တစ်ယောက်ကတော့ ထူးဆန်းတယ်လို့ သတ်မှတ်ထားကြတယ်။ သူ့ကတော့ CASisDEAD ပါ။ သူ့မျက်နှာဟာ ဘယ်လိုပုံရှိလဲ၊ သူဘယ်ကလာလဲဆိုတာ ဘယ်သူမှ မသိကြပါဘူး။ သူ့အကြောင်း သိအောင် ဆက်လက်ကြည့်ရှုရအောင် အင်တာဗျူးလေး ဖော်ပြပေးလိုက်ရပါတယ်။

**Q.နာမည်ရင်းက . . .**

A. မပြောနိုင်ဘူး။

**Q.အသက်ကတော့ . . .**

A.ကျွန်ုပ်ဟာ မွေးဖွားလာခဲ့တာ မဟုတ်ဘူး။ ဖန်တီးဖြစ်တည်လာခဲ့တာ။

**Q.ဘယ်နေရာကနေလာခဲ့တာလဲ။**

A.ကျွန်ုပ်အသည်းနှလုံးကတော့တင်ဟမ်က။

**Q.အလုပ်အကိုင်ကတော့ . . .**

A.ကျွန်ုပ်ဘာလုပ်နေတယ်ဆိုတာ ကျွန်ုပ်မသိဘူး။ တစ်ခါတစ်ရံ မှန်ထဲကြည့်ပြီး ကိုယ့်ဟာကိုယ် ဘာလုပ်နေလဲလို့တွေးနေမိတယ်။ ဒေါသအိုးတစ်ကောင်လို့ မြင်တယ်။ အခုတောင် ဒီနေရာကိုလာပြီး ဒီလိုတွေ လုပ်နိုင်နေတာ ရယ်မိတယ်။

**Q.ခင်ဗျားရဲ့ ဘဝကို စာကြောင်းနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက်နည်းတဲ့ ပမာဏနဲ့ ချုံပြောလို့ရမလား။**

A.လုပ်ချင်ရာ လုပ်တယ်၊ ပြောချင်တာကတော့ အဲဒါပဲ။ အခုတောင် ဒီနေရာရောက်လာတာ ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်နေတယ်။ ကျွန်ုပ်မှာ ပြသနာပေါင်းထောင်သောင်းမက ရှိတယ်။ ကျွန်တော် တိတ်ခွေတစ်ခွေထွက်ဖို့ ရှိတယ်။ The Number 23 အခွေနဲ့ နောက်တစ်ခွေထွက်ဖို့ လုပ်နေတယ်။

**Q.ခင်ဗျား မျက်နှာဖုံးတပ်ထားတာ ဘယ်လောက်ကြာပြီလဲ။**

A.ကျွန်ုပ် တကယ်မမှတ်မိတော့ဘူး။ ဒါပေမဲ့ ဂျင်ကာရေး ရိုက်တဲ့ မျက်နှာဖုံးကားထဲကလိုပဲ။

**Q.ခင်ဗျားရဲ့ ဂီတက ဘယ်လိုအမျိုးအစားလဲ။**

A.ကျွန်ုပ်ဂီတက အမျိုးအစားတစ်ခုမဟုတ်ဘူး။ beat တစ်ခုကို ကြိုက်တယ်ဆို အဲဒါကို လုပ်လိုက်မယ်၊ အဲဒါဟာ classical, jungle, rap ဒါမှမဟုတ် pop ဖြစ်နေတာတွေ ဘာတွေ စိတ်မဝင်စားဘူး၊ ဂရုမစိုက်ဘူး။ အဓိကက ကိုယ့်ကိုယ်ကိုယ် မချုပ်နှောင်ထားဖို့ဘဲ၊ ဂီတအမျိုးအစားတစ်ခုတည်းမှာတင် မချုပ်ထားဖို့ဘဲ၊ ဒါဆို ခင်ဗျားတို့လည်း လုပ်ချင်ရာလုပ်လို့ရသွားမယ်။

**Q.ခင်ဗျားရဲ့ သီချင်းတွေထဲမှာ ဘယ်သီချင်းတွေကို ကြိုက်လဲ။**

A.Leon Best နောက်ပြီးတော့ City Slicker တို့ ကြိုက်တယ်။ တကယ်တော့ ကျွန်ုပ်သီချင်းတွေကို ကျွန်ုပ်ပြန်နားထောင်လေ့မရှိဘူး။ ဒါပေမဲ့ တစ်ပုဒ်တော့ရှိတယ်၊ ရပ်ပါ မလုပ်ခင်က ဒါရိုက်တာလုပ်ခဲ့သေးတယ်။ သီချင်းတစ်ပုဒ်အတွက် ဘယ်လိုရိုက်ရင်ရမလဲဆိုတဲ့ အိုင်ဒီယာ ကျွန်ုပ်မှာရှိတယ်။ သီချင်းကို အသံမသွင်းခင်မှာတင် ကျွန်တော် ဗီဒီယိုရိုက်လေ့ရှိတယ်။ ဗီဒီယိုက အရေးကြီးတယ်။ လူအတော်များများဟာ ကင်မရာအစုတ်၊ lighting အစုတ်အပြတ်နဲ့ အစုတ်အပြတ် ဗီဒီယိုတွေကို ရိုက်နေကြတယ်။ ဒီတော့ ပရိသတ်က တစ်ခါပဲ ကြည့်ပြီး မေ့သွားကြရော။ ကျွန်ုပ် ကားတိုလေးတွေ လုပ်နေတယ်။ ဂီတဆိုတာ သီချင်းချည်းသက်သက် မဟုတ်ဘူး။

**Q.ခင်ဗျားရဲ့ စတိုင်လ်က ဘယ်စတိုင်လ်ထဲမှာ ပါလဲ။**

A.ကျွန်ုပ်က အဝတ်အစားနဲ့ ပတ်သက်ရင် လုံးဝကိုစိတ်မဝင်စားဘူး၊ ဖန်စီအကျီတွေလည်း စိတ်မဝင်စားဘူး၊ ကျွန်ုပ်သီချင်းကို နားထောင်ရင် ခင်ဗျား ကျွန်ုပ်ဘယ်လိုလူလည်းဆိုတာ သိလိမ့်မယ်။

**Q.ကြိတ်ပြီး စိတ်ဝင်စားနေတဲ့ မိန်းကလေးရောရှိလား။**

A.ဒီမယ်ဟေ့လူ၊ ခင်ဗျား ကျွန်ုပ်ကိုဒုက္ခရောက်အောင်မေးနေတာပဲ၊ ကျွန်ုပ်စိတ်ဝင်စားတဲ့ မိန်းကလေးက နိုင်ဂျဲလာ။ သူ့အနေနဲ့ ကျွန်ုပ်ကိုလာပြီး ဖော်ဝေါက်နိုင်ပါတယ်။

**Q.နောက်ထပ် ဆယ်နှစ်အတွင်း ခင်ဗျားကိုယ်ခင်ဗျား ဘာဖြစ်လာမယ်လို့ မျှော်လင့်ထားလဲ။**

A.အသက်ရှင်သန်ဖို့၊ နောက်ထပ်ငါးနှစ်သာထပ်နေခွင့်ရမယ်ဆိုရင် ကျွန်ုပ် အရမ်းပျော်မိမှာပဲ။



သရုပ်ဆောင်ရဲတိုက် ပြန်လွတ်လာရင် သူနဲ့ဗီဒီယိုဇာတ်ကားတွေ ဆက်လက်ရိုက်ကူးသွားမယ်လို့ ဆာတိုရီရုပ်ရှင်ထုတ်လုပ်ရေးက ပြောပါတယ်။ လက်ရှိမှာ ဆာတိုရီအနေနဲ့ ရဲတိုက်သရုပ်ဆောင်ထားတဲ့ ဗီဒီယိုဇာတ်လမ်းတစ်ခု ဖြန့်ချိဖို့ ရှိနေပါတယ်။ ရဲတိုက်ရဲ့ တိမ်တွေသွားတဲ့လမ်း ဗီဒီယိုကားက အာဆီယံနွေရာသီရုပ်ရှင်ပွဲတော်မှာ ရွေးချယ်ပြသခြင်းခံရပြီး အမေရိကန်နိုင်ငံက တက္ကသိုလ်စာကြည့်တိုက်တစ်ခုအတွက် သိမ်းဆည်းထားပါတယ်။ သူပါဝင်သရုပ်ဆောင်ထားတဲ့ မြစ်ဇာတ်ကားက အမေရိကန်နိုင်ငံမှာ ပြသခွင့်ရခဲ့သလို လွမ်းစိမ့်ဇာတ်ကားကလည်း ဗီဒီယိုဆင်ဆာခေတ်က ဆင်ဆာမှုဝါဒနဲ့ ဖြတ်တောက်ပြသခွင့်ရခဲ့ပေမယ့် ပရိသတ်အားပေးမှုရရှိခဲ့တဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။ သူရင်ဆိုင်နေရတဲ့ အမှုကတိုင်းအယူခံရုံးမှာ ရှုံးနိမ့်သွားခဲ့ပြီး နေပြည်တော်ပြည်ထောင်စုလွှတ်တော်မှာ အယူခံထပ်တင်ထားကာ ဇူလိုင်လ ၈ ရက်နေ့မှာ အယူခံလက်ခံဖို့ လျှောက်လဲချက်ပေးရမယ်လို့ သိရပါတယ်။

# အယူခံဆက်ဝင်မယ့်...ရဲတိုက်

# Updated News

www.free4reader.com